first ELEVEN
NO.22 VOLUM... 31 - 10 - 2013 THURSDA... ...S JOURNAL





# ဝင်းဂါး အိုဇေးလ် မော်ရင်ဟို ဇာတ်လမ်းဟောင်း ရှိသူတွေ ပြန်ဆုံမယ့်ပွဲ

**လန်ဒန်ဒါဘီ**

၂၉-၁၀-၂၀၁၃
အာဆင်နယ် - ချယ်လ်ဆီး
(လိဂ်ဖလား)

ဒီရာသီအစ အာဆင်နယ်အသင်းရဲ့ အမြင့်ပျံခရီးမှာ အဓိက ပွဲကိုင်ရှင်က အိုဇေးလ်လို့ ပြောရင်မမှားနိုင်ပါဘူး။ ရာသီအဖွင့်ပွဲစဉ်မှာ ဗီလာကို (၁-၃)ဂိုးနဲ့ ရှုံးပြီး အဖွင့်မလှခဲ့ပေမယ့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အာဆင်နယ်ကို အိုဇေးလ် ရောက်ရှိလာပြီးနောက်မှာ အခြေအနေတွေက လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ ပရီးမီးယားလိဂ်မှာ နိုင်ပွဲတွေဆက်တိုက်ရယူပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ အာဆင်နယ်အသင်း ရပ်တည်နိုင်ဖို့ အိုဇေးလ်ရဲ့ သွင်းဂိုးတွေနဲ့ ဂိုးဖန်တီးမှုတွေက အဓိကကျခဲ့ပါတယ်။

အခုအင်္ဂါနေ့မှာ အာဆင်နယ်အသင်းဟာ အိမ်ကွင်းမှာ ချယ်လ်ဆီးအသင်းနဲ့ လိဂ်ဖလားစတုတ္ထအဆင့်ပွဲစဉ်အဖြစ် ကစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်က အာဆင်နယ်ကို ရောက်ရှိလာတဲ့ အိုဇေးလ်ဟာ ရီးယဲလ်က ချယ်လ်ဆီးကို ပြန်လည်ရောက်ရှိလာတဲ့ မော်ရင်ဟိုနဲ့ ပြန်ပြီးဆုံတွေ့ရတော့မှာပါ။ မော်ရင်ဟိုဟာ အိုဇေးလ်ကို ဂျာမန်ကလပ်ဝါဒါဘရီမင်အသင်းကနေ ရီးယဲလ်ကို ခေါ်ယူခဲ့သူဖြစ်ပေမယ့် ပြီးခဲ့တဲ့ရာသီကတော့ အသင်းမှာ သူ့ကို အသုံးမပြုဘဲ ခေါက်ထားခဲ့တာကြောင့် နောက်ခံလူရာမှိုစ်အပါအဝင် ရီးယဲလ်ကစားသမားတချို့နဲ့ တင်းမာမှုဖြစ်ပေါ်ခဲ့သူပါ။ တစ်နည်းအားဖြင့် ပြောရရင် ရီးယဲလ်မှာ စပိန်ကစားသမားတွေနဲ့ မော်ရင်ဟိုကြား အက်ကြောင်းက အိုဇေးလ်ကနေ စတင် အခြေတည်ဖြစ်ပေါ်လာတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် အိုဇေးလ်နဲ့ မော်ရင်ဟိုတို့ပြိုင်ဘက်အဖြစ် ပြန်လည်တွေ့ဆုံမှုဟာ ဒီပွဲအတွက် စိတ်ဝင်စားစရာ အကြောင်းအချက်တစ်ခုဖြစ်သလို အာစင်ဝင်းဂါးနဲ့ မော်ရင်ဟို တို့ (၆)နှစ်အတွင်းပထမဆုံးအကြိမ်အဖြစ် ပြန်လည်တွေ့ဆုံမှုက လည်း ဒီပွဲကို ပိုပြီး စိတ်ဝင်စားစရာ ဖြစ်စေပါတယ်။ ၂၀၀၄နွေရာသီမှာ ချယ်လ်ဆီးကို မော်ရင်ဟိုရောက်ရှိလာပြီး ၂၀၀၇စက်တင်ဘာလ လမ်းခွဲတဲ့အချိန်အထိ အာစင်ဝင်းဂါးဟာ မော်ရင်ဟိုကို လုံးဝအနိုင်ရခြင်းမရှိတဲ့ မှတ်တမ်းဆိုး ပိုင်ဆိုင်ခဲ့ပါတယ်။ အာစင်ဝင်းဂါးနဲ့ မော်ရင်ဟို (၈)ကြိမ်တွေ့ဆုံမှုမှာချယ်လ်ဆီးက(၄)ကြိမ်နိုင်၊ (၄)ကြိမ်သရေကျခဲ့ပြီး မော်ရင်ဟို ချယ်လ်ဆီးနဲ့ လမ်းခွဲမှ အာဆင်နယ်အသင်းဟာ မြို့ခံပြိုင်ဘက်ချယ်လ်ဆီးအပေါ် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် တခြားအသင်းက လူငယ်ကစားသမားတွေကို ခေါ်ယူဖို့ မျက်စိကျလေ့ရှိတဲ့ ဝင်းဂါးကို မော်ရင်ဟိုက Voyeur (အခြားသူများ၏ လိင်မှုကိစ္စများကို စိတ်ဝင်တစား ချောင်းမြောင်းကြည့်ရှုသူ) လို့ လူသိရှင်ကြား ခေါ်ဆိုဖူးခဲ့ပြီး ဝင်းဂါးက တရားစွဲဖို့တောင် စဉ်းစားတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ဝင်းဂါးနဲ့ မော်ရင်ဟိုတို့ရဲ့ အတိတ်ဇာတ်လမ်း၊ အိုဇေးလ်နဲ့ မော်ရင်ဟိုတို့ရဲ့ နောက်ကြောင်းဖြစ်ရပ်တွေက ဒီပွဲကို ပိုပြီး စိတ်ဝင်စားစရာဖြစ်အောင် ဖန်တီးနေပါတယ်။ ဇာတ်လမ်းဟောင်းရှိသူတွေ ပြန်ဆုံမယ့်ပွဲမှာ အိုဇေးလ်နဲ့ ဝင်းဂါးတို့က မော်ရင်ဟိုကို အိမ်ကွင်းမှာအနိုင်ယူမလား၊ မော်ရင်ဟိုကပဲ အစဉ်အလာမပျက် အာဆင်နယ်ကို အနိုင်ယူပြီး အာစင်ဝင်းဂါးရဲ့ ဖလားလမ်းကြောင်းတစ်ခုကို ဖျက်ဆီးပစ်ဦးမလား ဆိုတာကတော့ စောင့်ကြည့်ရမှာပါ။



First ELEVEN SPORTS JOURNAL

## အာဆင်နယ်ကွင်းလယ်လူဖလာမီနီ (၂)ပတ်နားရမည်

အာဆင်နယ်ကွင်းလယ်ကစားသမားဖလာမီနီသည် ပေါင်ခြံဒဏ်ရာကြောင့် (၂)ပတ်ခန့်အနားယူရမည်ဖြစ်ကြောင်းသိရသည်။ ဖလာမီနီသည် ပြီးခဲ့သည့်စနေနေ့က ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ကစားခဲ့သောပွဲတွင် ပွဲချိန် (၈)မိနစ်မှာပင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လူငယ်ကစားသမားနာဘရီနှင့်လူစားလဲခံခဲ့ရသည်။ ဖလာမီနီအနေဖြင့် ယင်းဒဏ်ရာကြောင့်(၂)ပတ်ခန့်အနားယူရမည်ဖြစ်ရာ လီဗာပူးလ်၊ ချယ်လ်ဆီး၊ ဒေါ့မွန်စသည့်ပွဲကျပ်များကိုလွဲချော်ဖွယ်ရှိနေပြီး လာမည့်နိုဝင်ဘာ(၁၀)ရက်နေ့တွင် မန်ယူနှင့်ကစားမည့်ပွဲ၌ပြန်လည်ကစားနိုင်ဖွယ်ရှိနေကြောင်းလည်းသိရသည်။

## မန်ယူအတွက် ဖလက်ချာပြန်ကစားနိုင်တော့မည်

မန်ယူအသင်း၏ ဝါရင့်ကွင်းလယ်လူတစ်ဦးဖြစ်သည့် ဖလက်ချာသည် အစာအိမ်ရောဂါကြောင့်ကာလအတော်ကြာအနားယူခဲ့ရာမှ ယခုအခါအသင်းအတွက်ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်သူ စကော့တလန်ကစားသမားဖလက်ချာသည် အဆိုပါရောဂါကြောင့် ပြီးခဲ့သည့်၂၀၁၂ခုနှစ်အတွင်းက နယူးကာဆယ်နှင့်ကစားခဲ့သောပွဲတွင်ပါဝင်ကစားခဲ့ပြီးနောက်ပိုင်း အနားယူခဲ့ရသူဖြစ်သည်။ ဖလက်ချာသည် လက်ရှိအချိန်တွင် အသင်းနှင့်အတူလေ့ကျင့်ခန်းဆင်းနေပြီဖြစ်ပြီး နောဝစ်ချ်နှင့်ကစားမည့် လိဂ်ဖလားပွဲတွင်ပါဝင်ကစားဖွယ်ရှိနေကြောင်းသိရသည်။

## လီဝန်ဒေါစကီးကို ပေါင်(၇)သန်းခန့်ဖြင့်ရောင်းချရန် ဒေါ့မွန်အသင်းစီစဉ်




ဒေါ့မွန်အသင်းသည် တိုက်စစ်မှူးလီဝန်ဒေါစကီးအားခေါ်ယူရန် ပရီးမီးယားလိဂ်ထိပ်သီးအသင်းများထံတောင်းဆိုခဲ့ပြီး ၎င်းကိုပေါင်(၇)သန်းခန့်ဖြင့်စျေးလျှော့၍ရောင်းချရန်စီစဉ်လျက်ရှိနေကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

အသက်(၂၅)နှစ်အရွယ် ပိုလန်လက်ရွေးစင်တိုက်စစ်မှူးလီဝန်ဒေါစကီးအားခေါ်ယူရန် ပရီးမီးယားလိဂ်အသင်းကြီးများဖြစ်ကြသည့် မန်စီးတီး၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူတို့ကစိတ်ဝင်စားလျက်ရှိနေကြသည်။ လီဝန်ဒေါစကီးအနေဖြင့် ဒေါ့မွန်အသင်းပြိုင်ဘက် ဘေယန်မြူးနစ်ထံပြောင်းရွှေ့လိုနေပြီး ၎င်း၏စာချုပ်သက်တမ်းကုန်ဆုံးမည့်အချိန်ဖြစ်သည့် လာမည့်နှစ်နွေရာသီကာလတွင်ပြောင်းရွှေ့ရန်နီးစပ်လျက်ရှိနေပြီဖြစ်သည်။ သို့သော်လည်း ဒေါ့မွန်နှင့်လီဝန်ဒေါစကီးတို့ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ ယခုနှစ်ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ရာ ဒေါ့မွန်အသင်းသည် လီဝန်ဒေါစကီးအား အလွတ်ပြောင်းရွှေ့ကြေးဖြင့်လက်လွှတ်ခံလိုခြင်းမရှိသဖြင့် လာမည့်ဇန်နဝါရီကာလတွင် ၎င်းအတွက်ပေါင်(၇)သန်းခန့်ရရှိမည်ဆိုပါက ရောင်းချရန်စီစဉ်နေခြင်းဖြစ်ကြောင်းလည်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

## BRIEF

❒ ဆန်းဒါးလန်းအသင်း တိုက်စစ်မှူးစတီဗင်ဖလက်ချာက အသင်းကိုဒီကာနီယိုကိုင်တွယ်ခဲ့စဉ်က ကစားသမားများအပေါ် အလွန်တင်းကျပ်ခဲ့ပြီး မိမိတို့ရယ်မောခြင်းကိုပင်သည်းခံမှုမရှိခဲ့ကြောင်းဝေဖန်ပြောဆိုခဲ့သည်။

❒ စပါးအသင်းမှ ဘရာဇီးလ်ကွင်းလယ်လူ ဆန်ဒရိုက အသင်းအတွက်ပွဲတိုင်း ပါဝင်ကစားခွင့်ရရှိနေခြင်းအပေါ်ကျေနပ်ဝမ်းမြောက်မိပြီး လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဘရာဇီးလ်အသင်းနှင့်အတူ ပါဝင်ဆင်နွှဲခွင့်ရရှိရန်မျှော်လင့်မိကြောင်း ပြောကြားခဲ့သည်။

❒ မန်ယူအသင်းကွင်းလယ်လူကာရစ်သည် အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန်စီစဉ်နေပြီး မကြာမီရက်ပိုင်းအတွင်း(၂)နှစ်သက်တမ်းရှိစာချုပ်သစ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

❒ QPRအသင်းမှ နယူးကာဆယ်အသင်းထံအငှားဖြင့် လာရောက်ကစားနေပြီး ခြေစွမ်းပြလျက်ရှိနေသူ တိုက်စစ်မှူးရီမီသည် နယူးကာဆယ်အသင်းနှင့်အပြီးသတ်စာချုပ်ချုပ်ဆိုသွားရန်စီစဉ်လျက်ရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိနေသည်။

❒ အဲဗာတန်အသင်းသည် မန်ယူအသင်းမှ ခေါ်ယူရန်စိတ်ဝင်စားနေသည့် ၎င်းတို့၏နောက်ခံလူလေတန်ဘိန်းစ်အား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားဖွယ်ရှိနေပြီး အနည်းဆုံးပေါင်(၁၅)သန်းရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

❒ ဆောက်သမ်တန်အသင်းနည်းပြပိုချက်တီနိုက တိုက်စစ်မှူးလမ်းဘတ်အနေဖြင့် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ပါဝင်ခွင့်ရရှိသင့်ကြောင်းပြောကြားခဲ့သည်။

## ပရီးမီးယားလိဂ်တွင် ဗန်ပါစီဂိုးသွင်းနိုင်သည့်ပွဲတိုင်း မန်ယူရှုံးပွဲမရှိခဲ့

## ဗန်ပါစီနှင့်အချင်းများခဲ့သည်ဆိုသောသတင်းများကို မိုယက်စ်ငြင်းဆန်




**ဗန်ပါစီဂိုးသွင်းခဲ့သည့်ပရီးမီးယားလိဂ်ပွဲရလဒ်များ**

| | | | |
|---|---|---|---|
| ဖူလ်ဟမ် | (၃-၂) | နိုင် | ၂၀၁၂-၁၃ |
| ဆောက်သမ်တန် | (၃-၂) | နိုင် | ၂၀၁၂-၁၃ |
| လီဗာပူးလ် | (၂-၁) | နိုင် | ၂၀၁၂-၁၃ |
| စတုတ်စီးတီး | (၄-၂) | နိုင် | ၂၀၁၂-၁၃ |
| ချယ်လ်ဆီး | (၃-၂) | နိုင် | ၂၀၁၂-၁၃ |
| အာဆင်နယ် | (၂-၁) | နိုင် | ၂၀၁၂-၁၃ |
| ဝက်စ်ဟမ်း | (၁-၀) | နိုင် | ၂၀၁၂-၁၃ |
| ရေဒင်း | (၄-၃) | နိုင် | ၂၀၁၂-၁၃ |
| မန်စီးတီး | (၄-၃) | နိုင် | ၂၀၁၂-၁၃ |
| ဆန်းဒါးလန်း | (၃-၁) | နိုင် | ၂၀၁၂-၁၃ |
| နယူးကာဆယ် | (၄-၃) | နိုင် | ၂၀၁၂-၁၃ |
| ဝက်စ်ဘရွန်း | (၂-၀) | နိုင် | ၂၀၁၂-၁၃ |
| ဝီဂန် | (၄-၀) | နိုင် | ၂၀၁၂-၁၃ |
| လီဗာပူးလ် | (၂-၁) | နိုင် | ၂၀၁၂-၁၃ |
| ဇဲန် | (၁-၁) | သရေ | ၂၀၁၂-၁၃ |
| အဲဗာတန် | (၂-၀) | နိုင် | ၂၀၁၂-၁၃ |
| စတုတ် | (၂-၀) | နိုင် | ၂၀၁၂-၁၃ |
| ဝက်စ်ဟမ်း | (၂-၂) | သရေ | ၂၀၁၂-၁၃ |
| ဗီလာ | (၃-၀) | နိုင် | ၂၀၁၂-၁၃ |
| အာဆင်နယ် | (၁-၁) | သရေ | ၂၀၁၂-၁၃ |
| ဝက်စ်ဘရွန်း | (၅-၅) | နိုင် | ၂၀၁၂-၁၃ |
| ဆွမ်ဆီး | (၄-၁) | နိုင် | ၂၀၁၃-၁၄ |
| ခရစ္စတယ်ပဲလေ့စ် | (၂-၀) | နိုင် | ၂၀၁၃-၁၄ |
| ဆောက်သမ်တန် | (၁-၁) | သရေ | ၂၀၁၃-၁၄ |
| စတုတ်စီးတီး | (၃-၂) | နိုင် | ၂၀၁၃-၁၄ |

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၎င်းတို့၏အဓိကတိုက်စစ်မှူး ဗန်ပါစီဂိုးသွင်းယူနိုင်ခဲ့သည့်ပွဲတိုင်း တစ်ပွဲမှရှုံးပွဲမရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ၌ (၁၁)ပွဲကစား၊ (၈)ဂိုးသွင်းယူထားပြီး အသင်း၏ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသူ ဗန်ပါစီသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအတွက်ဂိုးသွင်းယူနိုင်ခဲ့သည့် (၂၅)ပွဲ၌ မန်ယူအသင်းမှာ ပွဲ(၂၀)နိုင်ကာ၊ (၅)ပွဲသရေကျခဲ့ခြင်းဖြစ်သည်။ အသက်(၃၀)နှစ်အရွယ်ရှိပြီဖြစ်သူ ဟော်လန်လက်ရွေးစင်တိုက်စစ်မှူးဗန်ပါစီသည် ပြီးခဲ့သည့် ၂၀၁၂ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်မှ မန်ယူသို့ ပေါင်(၂၄)သန်းဖြင့်ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယမန်နှစ်ရာသီကပရီးမီးယားလိဂ်ပြိုင်ပွဲ၌ စုစုပေါင်း (၂၆)ဂိုးသွင်းယူကာ မန်ယူအသင်း (၁၃)ကြိမ်မြောက် ပရီးမီးယားလိဂ်ဖလားဆွတ်ခူးနိုင်စေရန် ခြေစွမ်းပြခဲ့သူဖြစ်သည်။ ဗန်ပါစီအနေဖြင့်

**ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသူ ဗန်ပါစီသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအတွက်ဂိုးသွင်းယူနိုင်ခဲ့သည့် (၂၅)ပွဲ၌ မန်ယူအသင်းမှာ ပွဲ(၂၀)နိုင်ကာ၊ (၅)ပွဲသရေကျခဲ့ . . .**

ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာများနှင့်ကြုံတွေ့ခဲ့ရသော်လည်း လက်ရှိအချိန်တွင်မူ ပုံမှန်ခြေစွမ်းရရှိနေပြီဖြစ်သလို၊ ပြီးခဲ့သည့်တစ်ပတ်က စတုတ်စီးတီးကိုအနိုင်ရခဲ့သည့်ပွဲတွင်လည်း ပထမဆုံးချေပဂိုးသွင်းယူပေးခဲ့ပြီး ယင်းဂိုးမှာ သူ၏(၅) ဂိုးမြောက် ပရီးမီးယားလိဂ်ဂိုးလည်း ဖြစ်ခဲ့သည်။

အဆိုပါပွဲအပြီးတွင် မန်ယူအသင်းနည်းပြမိုယက်စ်မှာ အသင်း၏ခြေစွမ်းအပေါ် ချီးကျူးစကားပြောဆိုခဲ့သည့်အပြင် ဗန်ပါစီနှင့်အချင်းများခဲ့သည်ဆိုသော သတင်းများကိုလည်း ငြင်းဆန်ပယ်ချခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဗြိတိန်မီဒီယာများမှ ဗန်ပါစီသည် မိုယက်စ်၏လက်အောက်တွင် ကစားရခြင်းအပေါ်မပျော်မရွှင်ဖြစ်နေပြီး ဆောက်သမ်တန်အသင်းနှင့်ကစားခဲ့သောပွဲမတိုင်မီ မိုယက်စ်နှင့်အပြန်အလှန်အချင်းများခဲ့ကြောင်း အကျယ်တဝင့်ဖော်ပြခဲ့ကြသည်။ အဆိုပါသတင်းများနှင့်ပတ်သက်၍ မိုယက်စ်က "ဒီသတင်းတွေဟာ လုံးဝအဓိပ္ပာယ်မရှိတဲ့သတင်းတွေဖြစ်ပါတယ်။ သူ(ဗန်ပါစီ)ဟာ ကျွန်တော်တို့အတွက်အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်ပြီး မီဒီယာတွေဖော်ပြနေတာတွေက တလွဲတွေပါပဲ။ ဒါကြောင့် ဗန်ပါစီနဲ့ကျွန်တော့်အကြား ဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေအပေါ် အဖြေပေးစရာမလိုအပ်ဘူးလို့ ကျွန်တော်ထင်ပါတယ်"ဟုပြောကြားခဲ့သည်။

**ဗန်ပါစီ၏ ကစားသမားဘဝတစ်လျှောက် သွင်းယူခဲ့သည့်ဂိုးများ**

| အသင်း | လိဂ်ပွဲ/ဂိုး | ဖလားပွဲ/ဂိုး | ဥရောပပွဲ/ဂိုး | အခြား | စုစုပေါင်း |
|---|---|---|---|---|---|
| ဖိုယင်နု | ၆၁/၁၅ | ၅/၇ | ၁၂/၀ | - | ၇၈/၂၂ |
| အာဆင်နယ် | ၁၉၄/၉၆ | ၂၉/၁၆ | ၅၂/၂၀ | ၂/၀ | ၂၇၇/၁၃၂ |
| မန်ယူ | ၄၆/၃၁ | ၄/၁ | ၈/၄ | ၁/၂ | ၅၉/၃၈ |

အောင်မြင်မှုများ - UEFA (၁)ကြိမ် (၂၀၀၁-၀၂) ဖိုယင်နုနှင့်၊ FA (၁)ကြိမ်(၂၀၀၄-၀၅)။ ကွန်မြူနတီဒိုင်း(၁)ကြိမ်(၂၀၀၄) အာဆင်နယ်နှင့်၊ ပရီးမီးယားလိဂ်(၁)ကြိမ်(၂၀၁၂-၁၃)။ ကွန်မြူနတီဒိုင်း(၁)ကြိမ်(၂၀၁၃-၁၄)မန်ယူနှင့်




သို့

First Eleven Sports Journal ခင်ဗျား . . .

ချယ်လ်ဆီးအသင်းနဲ့ ကာဒစ်ဖ်စီးတီးအသင်းတို့ကစားခဲ့တုန်းက ဟာဇက်သွင်းယူခဲ့တဲ့ဂိုးအပေါ် အငြင်းအခုံတွေဖြစ်နေလို့ ဒီစာကိုရေးလိုက်တာပါ။ အဲဒီသွင်းဂိုးမှာ ကာဒစ်ဖ်စီးတီးဂိုးသမားလက်ထဲကဘောလုံးကို ဝင်လုခဲ့တာမဟုတ်ဘဲ ပစ်ချတဲ့အချိန်မှာဝင်လုခဲ့တာလို့ မြင်ပါတယ်။ အရင်တုန်းကလည်း အဲဒီလိုဂိုးသမားအလစ်ဝင်လုပြီး သွင်းတဲ့ဂိုးတွေမြင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီဂိုးအပေါ် တရားမဝင်ဘူးလို့ယူဆမှုတွေရှိသလို၊ အချင်းချင်းအငြင်းအခုံတွေလည်းဖြစ်နေပါတယ်။ ဒါကြောင့် Eleven Media Group က ဒီဂိုးဟာ ဥပဒေဘောင်ထဲကသွင်းဂိုးဟုတ်၊ မဟုတ် ပြန်လည်ဖြေကြားပေးစေလိုပါတယ်။ တစ်ဆက်တည်းပြောချင်တာက ဒီရာသီ မော်ရင်ဟိုရဲ့လက်အောက်မှာ ချယ်လ်ဆီးအသင်း ရလဒ်တွေကောင်းလာတာကို အရမ်းဝမ်းသာပါတယ်။ အရင်တုန်းကလို မော်ရင်ဟိုကို ခံစစ်အသားပေးနည်းပြဆိုတဲ့အသံတွေလည်းတိတ်သွားအောင် ဂိုးတွေဆက်တိုက်သွင်းပြနေပါတယ်။ မကြာခင်အချိန်အတွင်း ချယ်လ်ဆီးအသင်း ပရီးမီးယားလိဂ်ရဲ့ထိပ်ဆုံးနေရာကိုရယူနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

- အောင်မျိုးဝင်းနှင့်သူငယ်ချင်းတစ်စု၊ ဒေါပုံဈေးအနီး။

■ *ဟာဇက်သွင်းယူခဲ့တဲ့ဂိုးမှာ အိတ်ဇူးဝင်လုခဲ့တဲ့အနေအထားဟာ ဂိုးသမားရဲ့ပိုင်ဆိုင်မှုထဲမှာပဲရှိတယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ကာဒစ်ဖ်ဂိုးသမားမာရှယ်က ဘောလုံးကိုပစ်ချလိုက်တာမဟုတ်ဘဲ မြက်ခင်းနဲ့ပုတ်ပြီးကိုင်ထားဆဲအနေအထားဖြစ်လို့ ဒီဂိုးဟာ ဥပဒေပအနေအထားဖြစ်ပါတယ်။ အဲဒီပွဲမှာကိုင်တွယ်ခဲ့တဲ့ကွင်းလယ်ဒိုင် အန်ဒေါ်နီတေလာလည်း ပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲကို ကြိုးကြပ်ခွင့်ရရှိထားပြီးမှ ပြန်လည်ရုပ်သိမ်းခံခဲ့ရပါတယ်။*

First Eleven Sports Journal ခင်ဗျား . . .

ကျွန်တော်ကတော့ Eleven ညီနောင်ဂျာနယ်နှစ်စောင်ရဲ့ ပရိသတ်တစ်ဦးဖြစ်ပါတယ်။ ဒီရာသီမှာ ကျွန်တော်အားပေးတဲ့လီဗာပူးလ်အသင်း အကောင်းဆုံးပုံစံပြပြီး နိုင်ပွဲတွေဆက်နေတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အရင်လို လီဗာပူးလ်အသင်းရဲ့ခေတ်တစ်ခေတ်ဆီပြန်သွားဖို့မလွယ်တဲ့အနေအထားကိုရောက်လာပြီဆိုပေမယ့် ပရီးမီးယားလိဂ်ရဲ့အကောင်းဆုံး(၄)သင်းစာရင်းမှာ ပုံမှန်လိုလိုပါဝင်နိုင်မယ့်ခြေစွမ်းမျိုးလည်း တွေ့ရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အသင်းရဲ့ ဂုဏ်ပုဒ်တစ်ခုဖြစ်တဲ့ အင်္ဂလိပ်ဘောလုံးလောကရဲ့အအောင်မြင်ဆုံးအသင်းဆိုတဲ့နေရာကိုလွဲပြောင်းယူသွားတဲ့ မန်ယူအသင်းရဲ့အထက်မှာရပ်တည်နိုင်တဲ့အတွက်လည်း အရမ်းဝမ်းသာပါတယ်။ ဆွာရက်ဇ်နဲ့ စတာရစ်ချ်တို့တိုက်စစ်အတွဲဟာ ပရီးမီးယားလိဂ်မှာ အကောင်းဆုံးဖြစ်သလို၊ ဆွာရက်ဇ်ဟာ ပရီးမီးယားလိဂ်ရဲ့ အငြင်းပွားဖွယ်မရှိ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဆိုတာလည်း သေချာပါတယ်။ ဒီရာသီပြသနေတဲ့ခြေစွမ်းတွေအရ ဗန်ပါစီနဲ့ ဆွာရက်ဇ် ဘယ်သူကပိုကောင်းသလဲဆိုတာ အားလုံးတွေ့ရှိနေပြီလို့လည်း ပြောချင်ပါတယ်။ မန်ယူအသင်းရဲ့ကျဆင်းနေတဲ့ရလဒ်တွေကို ဝမ်းမြောက်ဝမ်းသာစောင့်ကြည့်နေတယ်လို့လည်း အသိပေးလိုက်ပါတယ်။

- မျိုးထက်အောင်၊ သုဝဏ္ဏ။

## BRIEF

❐ မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီက မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား (၅)ဦးထဲတွင် တစ်ဦးအဖြစ်ပါဝင်သည်ဟုပြောကြားခဲ့သည်။

❐ လီဗာပူးလ်အသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူကင်နီဒဲဂလစ်ရှ်က မန်ယူနည်းပြဟောင်း ဖာဂူဆန်အနေဖြင့် သူ၏အတ္ထုပ္ပတ္တိစာအုပ်တွင် မန်ယူကစားသမားဟောင်းများကို ဝေဖန်ရေးသားမှုများပြုလုပ်ခဲ့ခြင်းအတွက် မိမိအံ့အားသင့်ရသည်ဟုပြောကြားခဲ့သည်။

❐ လီဗာပူးလ်အသင်းသည် စီးရီးအေကလပ် အေစီမီလန်အသင်း၏ တိုက်စစ်မှူး အယ်လ်ရှာရာဝီကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။

❐ ဆန်းဒါးလန်းကွင်းလယ်လူ ဒေးဗစ်ဗော်ဂန်က မိမိတို့အသင်းသည် တန်းဆင်းရန်သင့်သည့်အသင်းတစ်သင်းမဟုတ်ဟု နယူးကာဆယ်အသင်းနှင့်ကစားခဲ့သောပွဲမတိုင်မီပြောကြားခဲ့သည်။

ELEVEN SPORTS JOURNAL

**တာဝန်ခံအယ်ဒီတာ**
ဇင်မင်းမောင်
**အမှုဆောင်အယ်ဒီတာ**
ကျော်သူမြင့်
**အကြီးတန်းအယ်ဒီတာ**
ဇာနည်အောင်၊နန္ဒဝန်ငြိမ်းချမ်း
**အယ်ဒီတာအဖွဲ့ဝင်**
နိုင်လင်းအာကာ၊ကျော်ရင်းငြိမ်း၊ကိုကိုစိုး
**သတင်းထောက်**
ညီညီစိုး၊ညွှန့်သက်ထွန်းအောင်
**ထုတ်ဝေသူ**
Eleven Media Group
(ယာယီ-၁၀၅၉)
အမှတ်(၂၂)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
**ပုံနှိပ်သူ**
Eleven Press
(ယာယီ-၁၆၃၉)
အမှတ်(၁၉)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
**စောင်ရေ**
၂၀၀၀၀
**ဖြန့်ချိရေးနှင့်ဂျာနယ်တိုက်**
အမှတ်(၂၂)၊တောင်မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈

# ပရိသတ်များထံပေးပို့သည့်အီးမေးလ်တွင်နာဇီခေတ်စာသားနှင့် စကြာပုံဒီဇိုင်းပါဝင်သွား၍ မန်ယူအသင်းပြန်တောင်းပန်ခဲ့ရ




Photo : Daily Mail

မန်ယူအသင်းသည် အသင်းအားပေးသူပရိသတ်များထံသို့ အပတ်စဉ်ပုံမှန်ပေးပို့နေသည့် အီးမေးလ်တွင် နာဇီခေတ်စာသားနှင့် နာဇီတို့အသုံးပြုခဲ့သည့် စကြာပုံဒီဇိုင်းပါဝင်သွားခဲ့၍ ပြန်လည်တောင်းပန်ခဲ့ရကြောင်း သိရှိရသည်။

ယင်းဒီဇိုင်းတွင် မန်ယူကစားသမားများဖြစ်ကြသည့် ယာနူဇေးဝဲလ်ဘက်၊ ဖီးလ်ဂျုံးစ်၊ ဒီဂီယာ၊ ဇေဘီယိုအစရှိသူတို့၏ရုပ်ပုံများကို ဖော်ပြထားပြီး ၎င်းတို့၏အပေါ်တွင် MUFC ဆိုသောအသင်းအမည်အတိုကောက်ဒီဇိုင်းနှင့် စာသားအချို့ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်း MUFC စာသားကို ဒီဇိုင်းပြုလုပ်ရာ၌နာဇီတို့အသုံးပြုခဲ့သော စကြာပုံသဏ္ဍာန်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စာသား၏ခေါင်းစဉ်ကိုလည်း New Order ဟုဖော်ပြခဲ့သည်။ ၎င်းအသုံးအနှုန်းမှာ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျာမန်စစ်အာဏာရှင် ဟစ်တလာ နယ်မြေချဲ့ထွင်ခဲ့စဉ်က အသုံးအနှုန်းတစ်ခုဖြစ်သည်။ ဂျာမန်ဘာသာစကားဖြင့် Neuordnung ဟု အမည်ရသော ယင်းစာသားမှာ ဥရောပတိုက်တစ်ခုလုံးကို သိမ်းပိုက်လိုသည့် ဟစ်တလာ၏ဆန္ဒကို ဖော်ညွှန်းသောစာသားလည်းဖြစ်သည်။ ယင်းကဲ့သို့ နာဇီဒီဇိုင်းနှင့် နာဇီခေတ်စာသားအသုံးအနှုန်းပါရှိသွားခြင်းအတွက် မန်ယူအသင်း၏ပြန်ကြားရေးတာဝန်ခံ ဒေးဗစ်စတင်းဘတ်က Twitter မှတစ်ဆင့် ပြန်လည်တောင်းပန်ခဲ့ပြီး ယင်းဒီဇိုင်းနှင့်စာသားအသုံးပြုခဲ့ခြင်းကို ကလပ်အသင်းအတွင်းစုံစမ်းရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

Twitter တွင် စတင်းဘတ်က "ဒီဖန်တီးမှုဟာ လုံးဝလက်သင့်မခံနိုင်တဲ့အရာပါ။ ဒီလုပ်ရပ်အတွက် ကျွန်တော်တို့ တောင်းပန်ပါတယ်။ ကလပ်အသင်းအတွင်း စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး အရေးယူသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ မည်သည့်အတွက်ကြောင့် ယင်းဒီဇိုင်းအသုံးပြုခဲ့သည်ဆိုသည်ကို ပရိသတ်တစ်ဦးက မေးမြန်းခဲ့ရာ၌ စတင်းဘတ်က စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းသာ ဖြေကြားခဲ့သည်။ ပရီးမီးယားလိဂ်တွင် ဂျူးလူမျိုးများစွာအားပေးသည့်စပါးအသင်းကဲ့သို့ ကလပ်အသင်းမျိုးလည်းရှိရာ မန်ယူအသင်းတာဝန်ရှိသူများအနေဖြင့် နာဇီတံဆိပ်နှင့် စာသားများကြောင့် အငြင်းပွားမှုများမဖြစ်ပေါ်စေရန် ဆန္ဒရှိနေခြင်းလည်းဖြစ်သည်။

## မိုယက်စ်နှင့်တွဲလုပ်ရန် ဘောလုံးဒါရိုက်တာတစ်ဦး ခန့်အပ်မည်ဆိုခြင်းကို မန်ယူဒုဥက္ကဋ္ဌငြင်းဆို

မန်ယူအသင်း၏ ဒုဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်က မန်ယူအသင်းတွင် နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်နှင့်တွဲလုပ်ရန်အတွက် ဘောလုံးဒါရိုက်တာတစ်ဦးခန့်အပ်ထားရှိမည်ဆိုသည့်သတင်းများအား ငြင်းဆန်ပယ်ချခဲ့သည်။ မန်စီးတီးအသင်းတွင် စပိန်လူမျိုး ဘောလုံးဒါရိုက်တာ ဘီဂီရီစတိန်း၊ စပါးအသင်းတွင် အီတလီလူမျိုးဘောလုံးဒါရိုက်တာ ဘယ်လ်ဒီနီ အစရှိသူတို့ကို ခန့်အပ်ထားပြီး ၎င်းတို့သည် မန်စီးတီးနည်းပြ ပယ်လီဂရီနီ၊ စပါးနည်းပြ ဘိုအက်ရှ်အစရှိသူတို့ကို ကစားသမားသစ်ရှာဖွေခြင်းအပါအဝင် ဘောလုံးကိစ္စရပ်များတွင် အကူအညီများပေးလျက်ရှိနေကြသည်။ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားသစ်ခေါ်ယူရာတွင် အားနည်းခဲ့သည့်အတွက် မိုယက်စ်နှင့်အတူ ဖိအားများကို ခံခဲ့ရသော အက်ဒ်ဝုဒ်ဝက်ဒ်က မိုယက်စ်အပေါ် မိမိတို့ယုံကြည်မှုအပြည့်ထားရှိ၍ ဘောလုံးဒါရိုက်တာတစ်ဦးခန့်အပ်ရန် မလိုဟု ပြောကြားခဲ့သည်။

## SHORT

❒ ဆန်းဒါးလန်း၊ ဗီလာအသင်းများ၏ နည်းပြဟောင်းတစ်ဦးဖြစ်သူမာတင်အိုနေးလ်သည် နည်းပြရာထူးလစ်လပ်နေသည့် ခရစ္စတယ်ပဲလေ့စ်အသင်း၏နည်းပြသစ်ဖြစ်လာရန် ရေပန်းစားလျက်ရှိကြောင်းသိရှိရသည်။ နည်းပြဟောက်လိုဝေးနှင့် လမ်းခွဲခဲ့သော ပဲလေ့စ်အသင်း၏ပူးတွဲပိုင်ရှင်ဖြစ်သူစတိဗ်ပါရစ်ရှ်သည် မာတင်အိုနေးလ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ရန်ချဉ်းကပ်လျက်ရှိနေကြောင်း ဗြိတိန် သတင်းစာများက ဖော်ပြကြသည်။

❒ ဆန်းဒါးလန်းအသင်းနည်းပြ ပိုယက်၏သားဖြစ်သူ ဒီယေဂိုပိုယက်က သူသည် တစ်ချိန်ချိန်တွင် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ကစားပေးလိုကြောင်း ပြောကြားခဲ့သည်။ ဒီယေဂိုပိုယက်သည် လက်ရှိတွင် ချာလ်တန်အသင်း၌ ကွင်းလယ်လူတစ်ဦးအဖြစ် ကစားနေပြီး သူ၏ဖခင်မှာ ဥရုဂွေးလက်ရွေးစင်ကစားသမားဟောင်းတစ်ဦးဖြစ်သော်လည်း ၎င်းက အင်္ဂလန်ယူ-၁၇အသင်းအတွက် ကစားထားသည်။

❒ ဝက်စ်ဘရွန်းအသင်းနည်းပြ စတိဗ်ကလက်ခ်က မိမိတို့အသင်းသည် လီဗာပူးလ်အား (၄-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် တစ်ဖက်အသင်းတိုက်စစ်မှူးဆွာရက်ဇ်ကို လုံးဝထိန်းချုပ်နိုင်ခြင်း မရှိခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဆွာရက်ဇ်သည် ယင်းပွဲတွင် ဟက်ထရစ်သွင်းယူခဲ့ပြီး စတိဗ်ကလက်ခ်က မိမိတို့နောက်တန်းမှာ စိတ်ပျက်စရာကောင်းအောင်ကစားသွားခဲ့သည်ဟု ပွဲအပြီးတွင် ဝန်ခံပြောကြားခဲ့သည်။

❒ ခရစ္စတယ်ပဲလေ့စ်အသင်း၏ ယာယီနည်းပြဖြစ်သူ ကိတ်မီလန်က အာဆင်နယ်အသင်းကို (၂-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း မိမိအသင်းကစားပုံကိုကျေနပ်သည်ဟုပြောကြားခဲ့သည်။မီလန်သည် ပြီးခဲ့သည့်တစ်ပတ်က ဖူလ်ဟမ်ကို (၄-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲမှ ပဲလေ့စ်အသင်းလူစာရင်းကို (၆)ဦးအထိ အပြောင်းအလဲလုပ်ကာ ကစားခဲ့ခြင်းဖြစ်ပြီး အသင်း၏စွမ်းဆောင်ရည်ကိုကျေနပ်သည်ဟု ပြောကြားခဲ့သည်။

❒ ဆောက်သမ်တန်အသင်းနည်းပြ ပိုချက်တီနိုက မိမိတို့အသင်းသည်အမှတ်ပေးဇယားတွင် လွဲမှားသောနေရာသို့ ရောက်ရှိနေခြင်း မဟုတ်ဘဲကြိုးစားခြင်း၏ရလဒ်ကိုခံစားရခြင်းဖြစ်သည်ဟု ပြောကြားလိုက်သည်။ ဆောက်သမ်တန်အသင်းက ဖူလ်ဟမ်အား(၂-၀) ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲအပြီး ပိုချက်တီနိုက ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အသင်းသားများ၏ ကြိုးပမ်းမှုကိုလည်း ချီးကျူးခဲ့သည်။

# FA နှစ် (၁၅၀)ပြည့် ညစာစားပွဲ လန်ဒန်မြို့တွင် ကျင်းပခဲ့ပြီး ဖီဖာဥက္ကဋ္ဌ ဘလက်တာနှင့် UEFA ဥက္ကဋ္ဌ ပလာတီနီတို့တက်ရောက်ခဲ့







၁။ FA ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မင်းသား ဝီလျံနှင့် ဖီဖာဥက္ကဋ္ဌဘလက်တာတို့ စကားလက်ဆုံကျနေစဉ်
၂။ မင်းသား ဝီလျံ၊ FA ဥက္ကဋ္ဌ ဂရက်ဒိုက်နှင့် UEFA ဥက္ကဋ္ဌ ပလာတီနီတို့ အတူတွေ့ရစဉ်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) စတင်တည်ထောင်ခဲ့သည့် နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ညစာစားပွဲကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌဆပ်ဘလက်တာနှင့် ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA) ဥက္ကဋ္ဌ ပလာတီနီတို့ တက်ရောက်ခဲ့ကြသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA) ကို ၁၈၆၃အောက်တိုဘာလ(၂၆)ရက်နေ့တွင်စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ဘောလုံးအဖွဲ့ချုပ်များထဲတွင် သက်တမ်းအရင့်ဆုံးအဖွဲ့ချုပ်အဖြစ် မှတ်တမ်းဝင်လျက်ရှိသည်။ ယင်းညစာစားပွဲအခမ်းအနားသို့ လက်ရှိအင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းနည်းပြရွိုင်းဟော့ဒ်ဆန်နှင့် တယ်ရီဗာနေဘယ်လ်ကဲ့သို့ လက်ရွေးစင်နည်းပြဟောင်းများ၊ ဂျော့ချ်ဟတ်၊ ဆောက်ဂိတ်၊ မိုက်ကယ်အိုဝင်အစရှိသော အင်္ဂလန်လက်ရွေးစင်ဟောင်းများတက်ရောက်ခဲ့ကြသည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ ဗြိတိန်မင်းသားဝီလျံနှင့် ဘလက်တာတို့က အမှာစကားများအသီးသီးပြောကြားခဲ့ကြပြီး လက်ရှိ FA ဥက္ကဋ္ဌ ဂရက်ဒိုက်ကလည်း FA အဖွဲ့အစည်းကို လူမျိုးရေးခွဲခြားမှုလုံးဝပပျောက်အောင်ပြုလုပ်နိုင်သည့်အဖွဲ့အစည်းဖြစ်စေရန် ကြိုးပမ်းသွားမည်ဟု ကတိပေးခဲ့သည်။

ဗြိတိန်မင်းသား ဝီလျံက ဘောလုံးသမားများအနေဖြင့် လူငယ်ပရိသတ်သန်းပေါင်းများစွာ၏စံပြပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် နာမည်ကျော်ဘောလုံးသမားများအပေါ်တွင် ကျရောက်နေသည့် ဖိအားဒဏ်များကို ဖယ်ရှားနိုင်ရန် အကူအညီပေးရန်လိုအပ်ကြောင်း၊ ဘောလုံးသမားများအနေဖြင့် မှန်ကန်သည့်လူနေမှုပုံစံအတိုင်းနေထိုင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

### အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် FA အကြောင်း သိကောင်းစရာအချို့

➢ *စတင်တည်ထောင်သည့်နေ့* - ၂၆-၁၀-၁၈၆၃
➢ *ဖီဖာသို့စတင်ဝင်ရောက်သည့်နှစ်* - ၁၉၀၅ ➢ *UEFA သို့ စတင်ဝင်ရောက်သည့်နှစ်* - ၁၉၅၄
➢ *FA ရုံးချုပ်တည်ရှိသည့်နေရာ* - ဝင်ဘလေကွင်း၊ လန်ဒန်
➢ *FA မှ ကြီးမှူးကျင်းပနေသည့်ပြိုင်ပွဲများ* - FA Cup၊ FA Trophy၊ FA Vase၊ FA Women's Cup၊ FA Women's Premier League Cup၊ FA Youth Cup၊ FA Sunday Cup၊ FA County Youth Cup၊ FA Community Shield၊ FA Inter-League Cup၊ FA Umbro Fives၊ FA Futsal Cup
➢ *လက်ရှိ FA ဥက္ကဋ္ဌ* - ဂရက်ဒိုက် ➢ *ဒုဥက္ကဋ္ဌများ* - ဒေးဗစ်ဂီးလ်၊ ရော်ဂျာဘာဒန်
➢ *အထွေထွေအတွင်းရေးမှူး* - အဲလက်စ်ဟွန်း




### FA နှစ်(၁၅၀)ပြည့်အမှတ်တရအင်္ကျီများကို ပရီးမီးယားလိဂ်ကစားသမားများဝတ်ဆင်ခဲ့ကြ

ပြီးခဲ့သည့်စနေ၊ တနင်္ဂနွေက ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်များမတိုင်မီ ပရီးမီးယားလိဂ်ဘောလုံးသမားအတော်များများသည် FA နှစ်(၁၅၀)ပြည့်အမှတ်တရအင်္ကျီများဝတ်ဆင်ကာ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ အင်္ဂလန်လက်ရွေးစင်ဘောလုံးသမားများသာမက အိုဇေးလ်ကဲ့သို့ နာမည်ကျော်နိုင်ငံခြားသားကစားသမားအချို့ကလည်း ၎င်းအမှတ်တရအင်္ကျီများကို ဝတ်ဆင်ခဲ့ကြကြောင်း သိရှိရသည်။

# မန်ယူအသင်း၏အနိုင်ဂိုးရှင်ဟာနန်ဒက်ဇ် ကွင်းထဲတွင် ရှိမနေသင့်ဟု မာ့ခ်ဟုချ်ဝေဖန်




ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော မန်ယူ-စတုတ် ပရီးမီးယားလိဂ်ပွဲစဉ်အပြီး၌ စတုတ်စီးတီးနည်းပြမာ့ခ်ဟုချ်က ယင်းပွဲ၏အနိုင်ဂိုးရှင်မန်ယူတိုက်စစ်မှူးဟာနန်ဒက်ဇ်ကို ဝေဖန်ခဲ့ပြီး ဟာနန်ဒက်ဇ်အနေဖြင့် သူကျူးလွန်ခဲ့သောပြစ်ဒဏ်အရ ကွင်းတွင်း၌ ရှိမနေခဲ့သင့်ဟု ပြောကြားလိုက်သည်။

ယင်းပွဲတွင် မန်ယူအသင်း(၁-၂)ဂိုးဖြင့် ရှုံးနိမ့်နေချိန် ပွဲချိန်(၆၈)မိနစ်၌ ဟာနန်ဒက်ဇ်သည် ကွင်းလယ်လူကလယ်ဗာလေ၏နေရာ လူစားဝင်လာခဲ့ပြီး (၁)မိနစ်ခန့်အကြာတွင်ပင်စတုတ်နောက်ခံလူရောဘတ်ဟုသ်ကို ဒဏ်ရာရရှိအောင် ကြမ်းကြမ်းတမ်းတမ်းကစားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ကြမ်းတမ်းသောဖျက်ထုတ်မှုတွင် ဒိုင်လူကြီးက အဝါကတ်သာပြခဲ့ရာ မာ့ခ်ဟုချ်က ဟာနန်ဒက်ဇ်အနေဖြင့် အနီကတ်ထိကာ ထုတ်ပယ်ခံရသင့်သည်ဟုပြောကြားလိုက်ခြင်းဖြစ်သည်။ "ဒါဟာ အတော်ဆိုးရွားတဲ့ဖျက်ထုတ်မှုပါ။ သူကိုယ်တိုင်လည်း ကျွန်တော့်ရဲ့ပြောဆိုမှုကို သဘောတူလိမ့်မယ်လို့ထင်ပါတယ်။ ဒိုင်လူကြီးရဲ့ဆုံးဖြတ်ချက်အတွက်ကျွန်တော်စိတ်ပျက်ရပါတယ်" ဟု ပြောကြားခဲ့သည်။ ဟာနန်ဒက်ဇ်၏ဖျက်ထုတ်မှုကြောင့် ရောဘတ်ဟုသ်မှာ ညှို့သကျည်းကို ကုသမှုခံယူခဲ့ရသည်။ ယင်းပွဲ၏ ပွဲချိန်(၇၈)မိနစ်တွင် ရွန်နီကခေါင်းပုတ်ဂိုးသွင်းကာ ပွဲချိန်(၈၀)မိနစ်တွင် ဟာနန်ဒက်ဇ်က အနိုင်ဂိုးသွင်းခဲ့သဖြင့် မန်ယူအသင်းက(၃-၂) ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### အာတီတာ၏အနီကတ်ပြစ်ဒဏ် အယူခံမဝင်

အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးက သူသည် ခရစ္စတယ်ပဲလေ့စ်အသင်းအား(၂-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲမှ အာဆင်နယ်ကွင်းလယ်လူ အာတီတာ၏အနီကတ်ပြစ်ဒဏ်ကို အယူခံဝင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ယင်းပွဲတွင်ပွဲချိန်(၆၅)မိနစ်၌ အာတီတာသည် ပဲလေ့စ်တိုက်စစ်မှူးချာမက်ကို ဆွဲလှဲခဲ့သည်ဟုဆိုကာ ဒိုင်လူကြီး ခရစ္စဖွိုင်က တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး ယင်းပြစ်ဒဏ်အတွက် အာတီတာမှာ (၁)ပွဲသာပယ်ခံရမည်ဆိုပါက မိမိအယူခံမဝင်ဟု ဝင်းဂါးက ဆိုခဲ့သည်။

### မန်ယူသို့ပြောင်းရန် မစဉ်းစားဟု ဖာဘရီဂတ်စ်ဆို

ဘာစီလိုနာအသင်း၏ ကွင်းလယ်လူ ဖာဘရီဂတ်စ်က သူသည် ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသို့ပြောင်းရွှေ့ရန် ဘယ်တော့မှစဉ်းစားမည်မဟုတ်ဟုပြောကြားလိုက်သည်။ မန်ယူအသင်း၏ ပရီးမီးယားလိဂ်ပြိုင်ဘက်အာဆင်နယ်အသင်းတွင် နာမည်ကျော်ကြားခဲ့သူ ဖာဘရီဂတ်စ်သည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သော ဘာစီလိုနာ-ရီးယဲလ်ပွဲစဉ်မတိုင်မီ ယင်းကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။ မန်ယူအသင်းနည်းပြ မိုယက်စ်သည် ဖာဘရီဂတ်စ်အား ခေါ်ယူရန် စိတ်ဝင်စားနေပြီး ပြီးခဲ့သည့်နွေရာသီက ကမ်းလှမ်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ ဘာစီလိုနာအသင်းက ပယ်ချခဲ့သည်။

# El Cla'sico ပွဲတွင် တာဝန်ယူခဲ့သည့် ကွင်းလယ်ဒိုင်အား ရီးယဲယ်နည်းပြအန်ဆယ်လော့တီနှင့် ကစားသမားများ ပြစ်တင်ဝေဖန်



ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သည့် ဘာစီလိုနာ-ရီးယဲယ်တို့၏ El Cla'sico ပွဲမှာ အငြင်းပွားဖွယ်ရာများဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါပွဲတွင် အိမ်ရှင်ဘာစီလိုနာအသင်းက ရီးယဲယ်အား (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲအပြီးတွင် ရီးယဲယ်နည်းပြ အန်ဆယ်လော့တီက ပယ်နယ်တီမပေးခဲ့သည့် ကွင်းလယ်ဒိုင်အန်ဒီယာနိအား ပြစ်တင်မှုများပြုလုပ်ခဲ့သလို၊ ရီးယဲယ်နောက်ခံလူများဖြစ်သည့် ရာမို့စ်နှင့် မာဆယ်လိုတို့ကလည်း ကွင်းလယ်ဒိုင်ကြောင့် ပွဲအဖြေပြောင်းလဲခဲ့ကြောင်း ဝေဖန်ခဲ့ကြသည်။

အန်ဆယ်လော့တီက ပွဲချိန်(၇၂)မိနစ်တွင် တောင်ပံကစားသမား စီရော့နယ်လ်ဒိုဂိုးဧရိယာအတွင်း ဘောလုံးဆွဲပြေးသွားစဉ် ဘာစီလိုနာနောက်ခံလူ မာရေရာနိနောက်မှနေ၍တွန်းခဲ့သော်လည်း ပယ်နယ်တီမပေးခဲ့သည့်အတွက် ကွင်းလယ်ဒိုင် အန်ဒီယာနိအား ပြစ်တင်ခဲ့သည်။ ယင်းအချိန်တွင် ရီးယဲယ်အသင်းမှာ ဘာစီလိုနာအား (၁-၀) ဂိုးဖြင့် ရှုံးနိမ့်နေခဲ့ပြီး အဆိုပါပယ်နယ်တီသာ ရရှိခဲ့ပါက ချေပဂိုးပြန်လည်ရရှိရန် သေချာသလောက်ဖြစ်ခဲ့သည်။ သို့သော် ကွင်းလယ်ဒိုင် အန်ဒီယာနိက ပယ်နယ်တီမပေးခဲ့သည့်အပြင် ပြစ်ဒဏ်ကျူးလွန်ခံရသဖြင့် ပယ်နယ်တီတောင်းခဲ့သူ စီရော့နယ်လ်ဒိုကို အဝါကတ်ပြသခဲ့သည်။ (စီရော့နယ်လ်ဒိုသည် ပြစ်ဒဏ်ကျူးလွန်ခံခဲ့ရသည့်အချိန်တွင် ကွင်းလယ်ဒိုင်အား စောဒကတက်ပယ်နယ်တီတောင်းခဲ့ခြင်းမဟုတ်ဘဲ ဂုဏ်မိနစ်တွင် ဘာစီလိုနာ ဒုတိယဂိုးရပြီးချိန်မှ ကွင်းလယ်ဒိုင်ကို လိုက်လံတောင်းဆိုခြင်းဖြစ်) ယင်းဖြစ်ရပ်ကြောင့် ရီးယဲယ်နည်းပြ အန်ဆယ်လော့တီသည် ကွင်းလယ်ဒိုင်အန်ဒီယာနိအား ကွင်းဘေးစည်းမှနေ၍ ဝေဖန်မှုများပြုလုပ်ခဲ့သဖြင့် သတိပေး ခံခဲ့ရသည်။

ထို့ပြင် ရီးယဲယ်နောက်ခံလူ ရာမို့စ်နှင့် မာဆယ်လိုတို့ကလည်းကွင်းလယ်ဒိုင် အန်ဒီယာနိသည် မိမိတို့အသင်းရရှိသင့်သည့် ပယ်နယ်တီ(၂)လုံးအားလျစ်လျူရှုခဲ့ကြောင်း ဝေဖန်ခဲ့သည်။ ရာမို့စ်နှင့် မာဆယ်လိုတို့က ပထမပိုင်းမှ ဘာစီလိုနာနောက်ခံလူ အက်ဒရီယာနိ၏ လက်ထိဘောနှင့် စီရော့နယ်လ်ဒိုအား မာရေရာနိတွန်းခဲ့သည့် ဖြစ်ရပ်များတွင် ပယ်နယ်တီမရခဲ့သည့်အတွက် မိမိတို့အသင်း ရှုံးနိမ့်ခဲ့ကြောင်း၊ ကွင်းလယ်ဒိုင်သည် အခုံးအဖြတ်ဖြစ်ခဲ့ကြောင်း ပြစ်တင်ခဲ့သည်။

### El Cla'sico ပွဲအပြီး သက်ဆိုင်သူအချို့၏ မှတ်ချက်များ

***အန်ဆယ်လော့တီ(ရီးယဲယ်နည်းပြ)***- စီရော့နယ်ဒိုကို မာရေရာနိတွန်းလှဲခဲ့တာ တစ်ကမ္ဘာလုံးမြင်ပါတယ်။ ကွင်းလယ်ဒိုင်ကလွဲလို့ပေါ့။ သူ့လို နိုင်ငံတကာအဆင့်ရှိတဲ့ ကွင်းလယ်ဒိုင်တစ်ဦးအနေနဲ့ ဒီဖြစ်ရပ်ကို ဘာဖြစ်လို့များ မမြင်ခဲ့တာလဲ။ အက်ဒရီယာနိရဲ့ လက်ထိဘောကတော့ ဆုံးဖြတ်ရခက်တဲ့အနေအထားပါ။ ကွင်းလယ်ဒိုင်အနေနဲ့ ပယ်နယ်တီပေးခဲ့မယ်ဆိုရင် အက်ဒရီယာနိကို အဝါကတ်ပါပြရပါတော့မယ်။ ပထမ တစ်ဝါထိထားတဲ့ အက်ဒရီယာနိကြောင့် သူဆုံးဖြတ်ရခက်ခဲ့ပုံပါပဲ။ ဒါပေမဲ့ ဒီဖြစ်ရပ်တွေက ကျွန်တော်တို့ကို ခြားနားတဲ့ အခြေအနေတစ်ခုဆီ ပို့လိုက်သလိုဖြစ်ခဲ့ပါတယ်။

***ဘက်စ်ကွက်စ်(ဘာစီလိုနာ ကွင်းလယ်လူ)***- ရီးယဲယ်အသင်းက သူတို့အသင်းရှုံးပြီဆို ကွင်းလယ်ဒိုင်ကို အပြစ်ဖို့လေ့ရှိပါတယ်။ ကွင်းလယ်ဒိုင်ကို အပြစ်ပြောရတာလွယ်ပါတယ်။ ဒါပေမဲ့ ဘက်တစ်၊ ဂရန်နာဒါ၊ အယ်လ်ချီတို့နဲ့ပွဲတွေမှာ ဒိုင်တွေရဲ့မျက်နှာသာပေးမှုကို သူတို့အသင်းရခဲ့တာကျတော့ရော။

***မာတီနို(ဘာစီလိုနာနည်းပြ)***- ဒီနိုင်ပွဲက စိတ်ပိုင်းဆိုင်ရာအောင်မြင်မှုကိုရစေတာပါ။ ရီးယဲယ်ကို အမှတ်ဖြတ်နိုင်ခဲ့တာထက် သူတို့အသင်းကို စိတ်ပိုင်းဆိုင်ရာအသာစီးယူနိုင်ခဲ့တာက ပိုအရေးပါပါတယ်။

***မော်ရင်ဟို(ရီးယဲယ်နည်းပြဟောင်း)***- El Cla'sico ပွဲလား။ ကျွန်တော်စိတ်မဝင်စားပါဘူး။ ပွဲကစားချိန်မှာ ကျွန်တော်မိသားစုနဲ့အတူ ညစာစားနေပါတယ်။

## ဘာနေဗျူးကွင်းအမည်မှုပိုင်ခွင့်အား ဘီလ်ဂိတ်ဝယ်ယူရန် စီစဉ်

မိုက်ခရိုဆော့ဖ်တည်ထောင်သူ သန်းကြွယ်သူဌေး ဘီလ်ဂိတ်သည် ရီးယဲယ်အသင်း၏ အိမ်ကွင်း ဘာနေဗျူးကွင်းအမည်မှုပိုင်ခွင့်ကို ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း စပိန်သတင်းစာ El Confidencial ကဖော်ပြခဲ့သည်။ ဘီလ်ဂိတ်သည် စပိန်နိုင်ငံအတွင်း ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြောင်း သတင်းများထွက်ပေါ်နေပြီး ရီးယဲယ်အသင်း၏ ဘာနေဗျူးကွင်းတိုးချဲ့မည်ဆိုပါက တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူသွားရန် ကမ်းလှမ်းထားကြောင်းလည်းသိရသည်။ သို့သော် ရီးယဲယ်အသင်း ဥက္ကဌပီရက်ဇ်အနေဖြင့် ကွင်းသစ်စီမံကိန်းနှင့် ကွင်းအမည်မှုပိုင်ခွင့်ကိစ္စများအတွက် လာမည့် ၂၀၁၄ခုနှစ် နှစ်လယ်ပိုင်းမှသာ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ဖွယ်ရှိနေသည်။

## အသင်းတွင်ကြွေးမြီပြဿနာမရှိတော့ကြောင်း မာလာဂါဒုဥက္ကဌဆို

ကြွေးမြီနှင့် အခွန်ပြဿနာများကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA)၏ ဥရောပပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံထားရသည့် မာလာဂါအသင်း၏ဒု-ဥက္ကဌ မိုရက်ဒ်ရာတက်က လက်ရှိအချိန်တွင် မိမိတို့အသင်း၌ ကြွေးမြီများကင်းရှင်းနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိုရက်ဒ်ရက်တာက" ဒီအချိန်မှာတော့ ကျွန်တော်တို့အသင်း UEFA ရဲ့ စည်းမျဉ်းတွေနဲ့ ကိုက်ညီနေပြီလို့ ထင်ပါတယ်။ စပိန်အခွန်ဌာနကိုပေးချေရမယ့် အကြွေးတွေလည်း မရှိတော့ပါဘူး။ အသင်းရဲ့ လက်ရှိဘဏ္ဍာရေးအခြေအနေက တည်ငြိမ်နေပါပြီ" ဟုပြောကြားခဲ့သည်။ မာလာဂါအသင်းသည် ယခုနှစ်ဘောလုံးရာသီမစတင်မီ အဓိကကစားသမားအများစုကို ရောင်းထုတ်ကာ ဘဏ္ဍာရေးအခြေအနေကို ထိန်းသိမ်းခဲ့သည်။

## Brief

❒ ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဇူဘီဇာရက်တာက ရီးယဲယ်အသင်းနှင့် ကစားရသည့် El Cla'sico ပွဲများတွင် အနိုင်ရရှိသည့်အခါတိုင်း ထူးခြားကြီးမြတ်သည့်ခံစားမှုမျိုးကို ပိုင်ဆိုင်ရကြောင်း ပြောကြားခဲ့သည်။

❒ ၂၀၀၅ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲယ်အသင်းကို စွန့်ခွာခဲ့ခြင်းမှာ အသင်းဥက္ကဌ ပီရက်ဇ်၏ ဖိအားပေးမှုများကြောင့်ဖြစ်ကြောင်း ရီးယဲယ်အသင်းကွင်းလယ်ကစားသမားဟောင်း ဖီဂိုက ဖွင့်ဟခဲ့သည်။

❒ ဘာစီလိုနာအသင်းမှ လူငယ်ကစားသမားဂျိုနသန်ဒေါ့ဆန်းတို့စ်သည် အရွတ်ကြောစုတ်ပြဲမှုဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် (၆)လခန့်အနားယူရမည်ဖြစ်ကြောင်း အသင်းဆေးအဖွဲ့မှ ကြေညာခဲ့သည်။

❒ ဗယ်လက်ကာနိအသင်းအားကစားဒါရိုက်တာ ဗီလစ်ပီမီနမ်ဘာက အယ်လ်မီရီယာနှင့်ပွဲတွင် အနီကတ်ပြခံရသူ အသင်းကွင်းလယ်လူ ဆောလ်နီဂွက်ဇ်အား (၃)ပွဲအထိပွဲပယ်ခဲ့သည့် စပိန်ဘောလုံးအဖွဲ့ချုပ်၏ လုပ်ရပ်ကိုပြစ်တင်ခဲ့သည်။

❒ အိုဆာဆူနာအသင်းသည် ဒဏ်ရာပြဿနာများကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့် ပွဲထွက်ခွင့်နည်းပါးနေသူ လူငယ်ကွင်းလယ်လူကျူအန်ကာအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။


**ပီတီပြည့်စုံ ကုမ္ပဏီလီမိတက်**
PZ Manufacturing & Logistics

အမှတ်(၃၃)၊ ရွှေပီတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၁၀ ၄၁၄၆၃

**(၁) Assistant Production Manager** ကျား (၂) ဦး

- BE / B-Tech / A.G.T.I / B.Sc ဘွဲ့တစ်ခုခုရရှိထားပြီး စက်ရုံလုပ်ငန်း Manufacturing Field တွင် စီမံခန့်ခွဲထုတ်လုပ်နိုင်မှု အတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် ရှိရပါမည်၊
- အသက် (၃၀) မှ (၃၅) နှစ် အတွင်း ဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်၊
- မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်စက်မှုဇုံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊

**(၂) Machine Operator** ကျား (၂) ဦး

- G.T.C (သို့) B-Tech (သို့) A.G.T.I (Mechanical or Electrical) ဘွဲ့ ရရှိထားပြီး in-line filling machine & packaging machine များကို စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်၊
- Fresh Graduate (သို့) လုပ်ငန်းအတွေ့အကြုံမရှိသေးသောသူများအား အစမ်းခန့် (၃)လကာလတွင် လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်၊
- အသက် (၂၀ ) မှ (၃၀) အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်စက်မှုဇုံတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊

**(၃) Delivery Man** ကျား (၂) ဦး

- ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင် (ဃ)၊ အတွေ့အကြုံ (၃) နှစ်ရှိရမည်၊
- အသက် (၂၅-၃၅) နှစ်၊ ကျန်းမာရေးကောင်းမွန်ရမည်၊
- အိမ်ထောင်မရှိသူဖြစ်ပြီး လုပ်ငန်းတွင်အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်၊

**(၄) Forklift Driver** ကျား (၁) ဦး

- ယာဉ်မောင်းလိုင်စင်ရှိပြီး အတွေ့အကြုံ (၃)နှစ်ရှိသူ၊ မြောက်ဥက္ကလာ နှင့် မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သူ များ ဦးစားပေးမည်၊

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို (၁၅.၁၁.၁၃) ရက်နေ့နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်၊

First Eleven Sports Journal Vol:14 No.22 31, October, 2013

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဖရိကနှင့်အာရှတိုက်မှအသင်းများ ပိုမို ပါဝင်ခွင့်ရစေရန် နေရာတိုးမြှင့်ပေးသွားမည်ဟုဘလတ္တာပြောကြား

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌဖြစ်သူဘလတ္တာသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဖရိကနှင့်အာရှတိုက်မှ အသင်းများပိုမိုပါဝင်ခွင့်ရစေရန်ရည်ရွယ်၍ ၎င်းတို့အတွက် သတ်မှတ်ထားသည့် ကမ္ဘာ့ဖလားဝင်ခွင့်နေရာအား တိုးမြှင့်ပေးသွားရန်စီစဉ်လျက်ရှိနေကြောင်းသိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ဥရောပမှ(၁၃)နေရာ၊ အာဖရိကမှ(၅)နေရာ၊ အာရှမှ(၄.၅)နေရာ၊ တောင်အမေရိကမှ(၄.၅)နေရာ၊ မြောက်အမေရိကမှ (၃.၅)နေရာ၊ သမုဒ္ဒရာပိုင်းမှ (၀.၅)နေရာရရှိလျက်ရှိနေကြသည်။ သို့ဖြစ်ရာ ဥရောပမှ နိုင်ငံအသင်း(၅၃)သင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်(၁၃)နေရာအတွက် ယှဉ်ပြိုင်ခွင့်ရှိနေသော်လည်း (၅၄)သင်းရှိနေသည့် အာဖရိကဇုန်မှ အသင်းများမှာမူ (၅)နေရာသာ ရရှိလျက်ရှိနေခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဘလတ္တာအနေဖြင့် အာဖရိကဇုန်နှင့်အာရှဇုန်မှ အသင်းများအတွက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ပိုမိုရရှိစေရန် ယခုကဲ့သို့စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ ဘလတ္တာက လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ခွဲတမ်းအရဆိုလျှင် အာဖရိကအသင်းများမှာ ခြေစွမ်းမည်မျှပင်ကောင်းမွန်နေပါစေ ကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူနိုင်မည့်အနေအထား၌ မရှိကြောင်း၊ သို့ဖြစ်ရာ အဆိုပါစည်းမျဉ်းမှာ ပြန်လည်ပြင်ဆင်ရန်လိုအပ်နေပြီဖြစ်ပြီး၊ အာရှမှ အသင်းများကိုလည်း ဝင်ခွင့်(၄)နေရာမှတိုးမြှင့်ပေးသွားရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။ ဂျက်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်နေရာရရှိရန် ခက်ခဲလာဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက သုံးသပ်ဖော်ပြခဲ့ကြသည်။ အထူးသဖြင့် ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန် နောက်ဆုံးပွဲစဉ်အထိ


Photo : AFP

> ဘလတ္တာမှာ အာဖရိကနှင့်အာရှဇုန်မှအသင်းများကို ကမ္ဘာ့ဖလားဝင်ခွင့်နေရာ ပိုမိုသတ်မှတ်ပေးမည်ဆိုပါက ဥရောပဇုန်မှအသင်းများ ဝင်ခွင့်ကိုလျှော့ချမည့်အနေအထားတွင်ရှိနေရာ ဥရောပထိပ်သီးအသင်းများအနေဖြင့် အနာဂတ်တွင် ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်နေရာရရှိရန် ခက်ခဲလာဖွယ်ရှိ...

အကယ်၍ ဘလတ္တာမှာ အာဖရိကနှင့် အာရှဇုန်မှအသင်းများကို ကမ္ဘာ့ဖလားဝင်ခွင့်နေရာ ပိုမိုသတ်မှတ်ပေးမည်ဆိုပါက ဥရောပဇုန်မှ အသင်းများဝင်ခွင့်ကို လျှော့ချမည့် အနေအထားတွင်ရှိနေရာ ဥရောပထိပ်သီးအသင်းများအနေဖြင့် အနာရန်းကန်ခဲ့ရသည့် နာမည်ကျော်အင်္ဂလန်အသင်းအနေဖြင့် ဖီဖာမှ ဥရောပအသင်းများအတွက် သတ်မှတ်ထားသည့်အရေအတွက်ကို လျှော့ချခဲ့ပါက ယခုထက်ပိုမို၍ ရုန်းကန်ရမည့် အခြေအနေတွင်ရှိနေကြောင်းလည်း သိရသည်။

**၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့်အသင်းများ**

| အသင်း | ပါဝင်သည့်ဇုန် | အဆင့် | ကမ္ဘာ့ဖလားဝင်ခွင့်ရသည့်အကြိမ် |
|---|---|---|---|
| ဘရာဇီးလ် | တောင်အမေရိက | အိမ်ရှင် | ၂၀ |
| အာဂျင်တီးနား | တောင်အမေရိက | အုပ်စုပထမ | ၁၆ |
| ချီလီ | တောင်အမေရိက | အုပ်စုတတိယ | ၉ |
| အီကွေဒေါ | တောင်အမေရိက | အုပ်စုစတုတ္ထ | ၃ |
| ကိုလံဘီယာ | တောင်အမေရိက | အုပ်စုဒုတိယ | ၅ |
| ဟော်လန် | ဥရောပ | အုပ်စုပထမ | ၁၀ |
| အီတလီ | ဥရောပ | အုပ်စုပထမ | ၁၈ |
| ဘယ်လ်ဂျီယံ | ဥရောပ | အုပ်စုပထမ | ၁၂ |
| ဆွစ်ဇာလန် | ဥရောပ | အုပ်စုပထမ | ၁၀ |
| ဂျာမနီ | ဥရောပ | အုပ်စုပထမ | ၁၈ |
| ရုရှား | ဥရောပ | အုပ်စုပထမ | ၁၀ |
| ဘော့စနီးယား | ဥရောပ | အုပ်စုပထမ | ၁ |
| အင်္ဂလန် | ဥရောပ | အုပ်စုပထမ | ၁၄ |
| စပိန် | ဥရောပ | အုပ်စုပထမ | ၁၄ |
| ဂျပန် | အာရှ | အုပ်စုပထမ | ၅ |
| သြစတြေးလျ | အာရှ | အုပ်စုဒုတိယ | ၄ |
| အီရန် | အာရှ | အုပ်စုပထမ | ၄ |
| တောင်ကိုရီးယား | အာရှ | အုပ်စုဒုတိယ | ၉ |
| ကော်စတာရီကာ | ကွန်ကာကပ်ဖ် | အုပ်စုဒုတိယ | ၄ |
| အမေရိကန် | ကွန်ကာကပ်ဖ် | အုပ်စုပထမ | ၁၀ |
| ဟွန်ဒူးရပ်စ် | ကွန်ကာကပ်ဖ် | အုပ်စုတတိယ | ၃ |

## ကမ္ဘာ့ဖလားကျင်းပမည့် ကွင်းတွင် မီးလောင်မှုဖြစ်ပွား

၂၀၁၄ ကမ္ဘာ့ဖလားပွဲစဉ်များကျင်းပမည့် ကွင်း(၁၂)ကွင်းအနက်မှ တစ်ခုဖြစ်သော ဘရာဇီးလ်နိုင်ငံ Cuiaba မြို့ရှိ Pantanal Arena ကွင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါကွင်းအားပြုပြင်မှုများပြုလုပ်နေစဉ် ယခုကဲ့သို့မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်ကားများ အချိန်မီရောက်ရှိခဲ့ခြင်းကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့သည့်အပြင် ဒဏ်ရာရရှိသူလည်း မရှိခဲ့ပေ။ Pantanal Arena ကွင်းကို ပြုပြင်ရေးလုပ်ငန်းများမှာ (၈၅%)အထိ ပြီးစီးနေပြီဖြစ်ပြီး ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ(၂၄၅)သန်း အသုံးပြုခဲ့ရကြောင်းသိရသည်။

## အီဘရာဟီမိုဗစ်ကို LFP မှ ခေါ်ယူသတိပေး

PSG အသင်းတိုက်စစ်မှူးအီဘရာဟီမိုဗစ်သည် ပြီးခဲ့သည့်လအတွင်းက တူးလော့စ်အသင်းနှင့်ကစားခဲ့သောပွဲတွင် ဂိုးသွင်းအပြီးအောင်ပွဲခံခဲ့သည့် အမူအရာနှင့်ပတ်သက်၍ ပြင်သစ်လိဂ်ဘောလုံးအဖွဲ့ချုပ်(LFP)၏ သတိပေးမှုနှင့်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ အဆိုပါပွဲတွင် အီဘရာဟီမိုဗစ်မှာ တူးလော့စ်ကစားသမားများရှိရာခုံတန်းသို့ရည်ညွှန်း၍ သေနတ်ဖြင့်ပစ်ခတ်သည့်ပုံစံဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ရပ်အတွက် အီဘရာဟီမိုဗစ်မှာ ပြင်းပြင်းထန်ထန်အရေးယူမခံခဲ့ရဘဲ LFP ၏သတိပေးမှုသာခံယူခဲ့ရကြောင်း သိရသည်။

## ပိုလန်နှင့်ပွဲမှဖြစ်ရပ်အတွက် ဖီဖာမှ စုံစမ်းမှုပြုလုပ်မည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် အင်္ဂလန်နှင့်ပိုလန်တို့ကစားခဲ့သော ကမ္ဘာ့ဖလားခြေစစ်ပွဲမှပိုလန်ပရိသတ်များ၏လုပ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အောက်တိုဘာလ(၁၅)ရက်နေ့က ကစားခဲ့သော အဆိုပါခြေစစ်ပွဲတွင် ပိုလန်ပရိသတ်များမှာ ကွင်းအတွင်းသို့မီးရှူးမီးပန်းများပစ်ဖောက်ခဲ့ကြပြီး ယင်းအတွက်ကြောင့် ပရိသတ်(၁၆)ဦးမှာ ရဲတပ်ဖွဲ့၏ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ယင်းဖြစ်ရပ်အတွက် ပိုလန်ဘောလုံးအဖွဲ့ချုပ်မှလည်း စုံစမ်းမှုများပြုလုပ်လျက်ရှိနေကြောင်းသိရသည်။

## အစီးရက်ကို ဆန္ဒပြမည့်အပေါ် နည်းပြဘလန့် ကန့်ကွက်

PSG အသင်းနည်းပြဘလန့်က ပြင်သစ်အစိုးရ၏ ဝင်ငွေယူရို(၁)သန်းရှိသည့်ဘောလုံးသမားများကို အခွန်(၇၅%)အထိ ကောက်ခံမည့်ဥပဒေအားဆန့်ကျင်ဆန္ဒပြရန်ကလပ်အသင်းများက စီစဉ်နေခြင်းအပေါ်ကန့်ကွက်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါဥပဒေအပေါ်ဆန္ဒပြသွားရန် ပြင်သစ်ထိပ်တန်းလိဂ်(၂)ခုမှအသင်းများမှာ ဆန္ဒမဲကောက်ခံခဲ့ပြီး လာမည့်နိုဝင်ဘာလကုန်တွင်စတင်သွားမည်ဖြစ်ရာ ဘလန့်က ယင်းပြဿနာအတွက် အချိန်တိုအတွင်းမှာပင် အဖြေရှာရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## SHORT

❒ ဘရာဇီးလ်ထိပ်သီးကလပ် ကိုရင်သီယန်အသင်းသည် ၎င်းတို့၏တိုက်စစ်မှူးပါတိုအား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ရောင်းချရန်စီစဉ်လျက်ရှိနေကြောင်းသိရသည်။ ဘရာဇီးလ်တိုက်စစ်မှူးပါတိုသည် ပြီးခဲ့သည့်နှစ်ဇန်နဝါရီလက အေစီမီလန်အသင်းမှ သူ၏အသင်းဟောင်းကိုရင်သီယန်သို့ပြောင်းရွှေ့ခဲ့သူဖြစ်သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသဖြင့် ၎င်းကိုရောင်းချရန်စီစဉ်နေခြင်းဖြစ်ပြီး ပါတိုအားခေါ်ယူရန် စပါးအသင်းကစိတ်ဝင်စားလျက်ရှိနေကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိနေသည်။

❒ ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌရွေးကောက်ပွဲတွင် လက်ရှိဥက္ကဋ္ဌဖြစ်သူ နီယာစဘတ်ချ်မှာ(၃)နှစ်သက်တမ်းအတွက် ထပ်မံအနိုင်ရရှိခဲ့ကြောင်းသိရသည်။ အသက်(၆၂)နှစ်အရွယ်ရှိပြီဖြစ်သည့် အားကစားဂျာနယ်လစ်ဟောင်းတစ်ဦးဖြစ်သူနီယာစဘတ်ချ်သည် ၂၀၁၂ခုနှစ်၊ မတ်လအတွင်းက ဥက္ကဋ္ဌဟောင်း သီယိုဇွမ်းဇီဂါ၏နေရာတွင် အစားထိုးရွေးချယ်ခံခဲ့ရသူလည်းဖြစ်သည်။

❒ ဒေါ့မွန်အသင်းနည်းပြယာဂင်ကလော့ပ်သည် ရှော်လ်ကာအသင်းကိုအနိုင်ရခဲ့သည့်ပွဲမှ အသင်းပရိသတ်များ၏လုပ်ရပ်အပေါ် ဝေဖန်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်းသိရသည်။ ဒေါ့မွန်နှင့်ရှော်လ်ကာအသင်းတို့မှာ မြို့ခံပြိုင်ဘက်များဖြစ်ကြပြီး ၎င်းတို့ဆုံတွေ့သည့်ပွဲတိုင်းတွင်ပြဿနာဖြစ်ပွားလေ့ရှိကြသည့်အပြင် ယခုပွဲ၌လည်း ဒေါ့မွန်ပရိသတ်များမှာ ကွင်းအတွင်းသို့မီးရှူးမီးပန်းများ၊ မီးခိုးဗုံးများဖြင့်ပစ်ပေါက်ခဲ့ကြသည့်အတွက် ပွဲကိုခေတ္တရပ်ဆိုင်းခဲ့ရကြောင်းသိရသည်။

# ယာယာတိုရေးလူမျိုးရေးခွဲခြားခံရမှုကို UEFA စုံစမ်းမည် ယင်းပွဲကိုကိုင်တွယ်ခဲ့သည့် ဒိုင်လူကြီးအား ပလာတီနီဝေဖန်

UEFA ဥက္ကဋ္ဌပလာတီနီက CSKA မော်စကိုနှင့်မန်စီးတီးအသင်းတို့၏ ချန်ပီယံလိဂ်ပွဲတွင် မန်စီးတီးကွင်းလယ်လူယာယာတိုရေးအား ရုရှားပရိသတ်များကလူမျိုးရေးခွဲခြားခဲ့သော်လည်း ဒိုင်လူကြီးမှတစ်စုံတစ်ရာအရေးမယူခဲ့မှုအပေါ် ဖြေရှင်းရန်တောင်းဆိုလိုက်ပြီး ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါပွဲတွင် CSKA မော်စကိုပရိသတ်များမှာ ယာယာတိုရေးကို "မျောက်"ဟူ၍အော်ဟစ်လှောင်ပြောင်ခဲ့ကြပြီး တိုရေးမှာ ရိုမေးနီးယားလူမျိုးကွင်းလယ်ဒိုင်လူကြီး အိုဗီဒူဟာတီဂန်ထံ တိုင်ကြားခဲ့သော်လည်း ၎င်းကပွဲကိုရပ်ဆိုင်းခြင်းမပြုခဲ့ဘဲ ကွင်းအတွင်းမှတာဝန်ရှိသူများအား ပရိသတ်များကို သတိပေးကြေညာချက်ထုတ်ပြန်ရန်သာ ပြောကြားခဲ့ကြောင်းသိရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အရေးယူမှုပြုလုပ်ရန် UEFA ထံ မန်စီးတီးအသင်းက စာရေးသားတောင်းဆိုခဲ့ပြီး UEFA မှလည်း စုံစမ်းမှုများပြုလုပ်မည်ဟုအတည်ပြုကြေညာခဲ့သည်။ ထို့ပြင်ဘောလုံးပွဲစဉ်များတွင် ယင်းကဲ့သို့လူမျိုးရေးခွဲခြားမှုများ ပေါ်ပေါက်ခဲ့ပါက ဒိုင်လူကြီးကပွဲကို ချက်ချင်းရပ်ဆိုင်းရမည်ဖြစ်သော်လည်း ပျက်ကွက်ခဲ့သည့် အိုဗီဒူဟာတီဂန်၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စုံစမ်းသွားရန် ပလာတီနီက တောင်းဆိုခဲ့ကြောင်းသိရသည်။

CSKA မော်စကိုအသင်းကမူ ယာယာတိုရေး လူမျိုးရေးခွဲခြားခံခဲ့ရသည့်ဖြစ်ရပ်အပေါ် ငြင်းဆန်ခဲ့ပြီး ၎င်းတို့၏ တိုက်စစ်မှူးဒွန်ဘီယာကလည်း ပရိသတ်များထံမှ လူမျိုးရေးခွဲခြားသည့်အသုံးအနှုန်းများ အော်ဟစ်ခဲ့ခြင်းမရှိဟု ပြောကြားခဲ့ရာ ဗြိတိန်မီဒီယာများက အဓိပ္ပာယ်မရှိသောလုပ်ရပ်ဟု ဝေဖန်ရေးသားမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

First Eleven Sports Journal Vol:14 No.22 31, October, 2013

# အာရှတွင် ပထမဆုံးရရှိသည့် FIFA 11 For Health ပရိုဂရမ် သင်တန်းတက်ရောက်ခဲ့သူများ၏ သင်တန်းဆင်းပွဲအခမ်းအနား ပြုလုပ်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှပေးအပ်သည့် FIFA 11 For Health ပရိုဂရမ်ကို အာရှတွင် မြန်မာနိုင်ငံမှ ပထမဆုံးရရှိခဲ့ပြီး ယင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ပြီးခဲ့သည့်အောက်တိုဘာ(၂၇)ရက်က ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်တွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

FIFA 11 For Health ပရိုဂရမ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO)မှ ဆန်းစစ်ထုတ်ပြန်ထားသော ကျန်းမာရေးစောင့်ရှောက်မှုအချက် (၁၁)ချက်ပေါ်တွင်အခြေပြုထားပြီး ဘောလုံးအားကစားနည်းမှ ကလေးများ၏ ကျန်းမာရေးဗဟုသုတ၊ ကျန်းမာရေးဆိုင်ရာအပြုအမူများနှင့် ခံယူချက်များကို တိုးတက်စေရန်ကူညီသည့်အစီအစဉ်ဖြစ်ကြောင်း သိရသည်။ ဖီဖာသည် ယင်း အစီအစဉ်ကို အာရှတိုက်တွင် မြန်မာနိုင်ငံအား ပထမဆုံးပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကိုလံဘီယာ၊ ဂါနာ၊ ကင်ညာ၊ တောင်အာဖရိက အစရှိသည့် ကမ္ဘာ့နိုင်ငံ ပေါင်း(၁၅)နိုင်ငံကို ပေးအပ်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ FIFA 11 For Health ပရိုဂရမ်သင်တန်းကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား(၃၀)ဦးတက်ရောက်ခဲ့ကာ သင်တန်း ဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များကိုမူ ပြီးခဲ့သည့်အောက်တိုဘာ (၂၇)ရက်မှပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဆင်းပွဲအခမ်း အနားကို ဖီဖာ၏ ဆေးဘက်ဆိုင်ရာအရာရှိ(Medical Officer)ဖြစ်သူ ပရော် ဖက်ဆာ Jiri Vorak၊ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသောင်းထိုက် နှင့် MFF အထွေထွေအတွင်းရေးမှူးဦးတင်အောင်တို့ တက်ရောက်ခဲ့ကြသည်။



ဖီဖာ၏ Medical Officer ဖြစ်သူ ပရော်ဖက်ဆာ Jiri Vorak (ဓာတ်ပုံ-သက်ထွန်းအောင်)

## ပြေးခုန်ပစ်ကစားသမားများ ဒီဇင်ဘာ(၉)မှ ရောက်မည်

တရုတ်နိုင်ငံတွင် သွားရောက် နေထိုင်လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာပြေးခုန်ပစ်ကစားသမား(၁၂) ဦးသည် ဆီးဂိမ်းစ်ပြိုင်ပွဲကျင်းပရန် (၂)ရက်အလိုဖြစ်သည့် ဒီဇင်ဘာ(၉) ရက်မှ ပြန်လည်ရောက်ရှိမည်ဖြစ် ကြောင်း သိရသည်။ ယင်းကစား သမား(၁၂)ဦးမှာ တာဝေးနှင့်လမ်း လျှောက်အားကစားနည်းတို့မှ ကစား သမားများဖြစ်ပြီး ၎င်းတို့ကိုပြီးခဲ့သည့် ဇူလိုင်လကတည်းက စေလွှတ်ထား ခြင်းဖြစ်ကြောင်း သိရသည်။

## တောင်ကြီးမြို့သို့ အမျိုးသမီးအသင်း ထွက်ခွာ

မြန်မာအမျိုးသမီး ဘောလုံး အသင်းသည် တောင်ကြီးမြို့တွင် တစ်လကြာနေထိုင်လေ့ကျင့်ရန် ပြီးခဲ့ သည့် အောက်တိုဘာ(၂၇)ရက်က ရန်ကုန်မြို့မှထွက်ခွာသွားခဲ့ကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်း တွင် ကစားသမား(၂၅)ဦးပါဝင်သွား ခဲ့ပြီး လာမည့်နိုဝင်ဘာလကုန်အထိ နေထိုင်လေ့ကျင့်မည်ဖြစ်ကာ ဆီး ဂိမ်းစ်အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ မည့်မန္တလေးမြို့သို့တိုက်ရိုက်သွား ရောက်မည်ဖြစ်ကြောင်း သိရသည်။

## KBZ အသင်း ဂုဏ်ပြုပွဲအခမ်းအနား ပြုလုပ်

၂၀၁၃ MNL Cup ဘောလုံး ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် KBZ အသင်းသည် ဂုဏ်ပြုပွဲအခမ်းအနား ကို ပြီးခဲ့သည့်အောက်တိုဘာ(၂၄) ရက်က တောင်ကြီးမြို့ရှိ မြို့နယ်ခန်းမ တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဂုဏ်ပြုပွဲအခမ်းအနားတွင် KBZ အသင်းတာဝန်ရှိသူများက ရှမ်းပြည် နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ထံသို့ ချန်ပီယံဆုဖလားကို အပ်နှံ ခဲ့ကြောင်း သိရသည်။ ထို့နောက် KBZ အသင်းတိုက်စစ်မှူး စိုးမင်းဦး က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

# တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်နေထိုင်လေ့ကျင့်နေသော မြန်မာယူ-၂၃ အသင်း နေရှင်နယ်လိဂ်ကလပ် မောင့်ပိုစီးတီးအသင်းကို ဒုတိယပိုင်း၌ပေးရသည့်ဂိုးဖြင့် ရှုံးနိမ့်

တောင်ကိုရီးယားနိုင်ငံ၊ မောင့်ပိုမြို့ (Mokpo)တွင် နေထိုင်လေ့ကျင့်နေသော မြန်မာယူ-၂၃ အသင်းသည် ပြီးခဲ့သည့် အောက်တိုဘာ(၂၇)ရက်က မောင့်ပိုမြို့ အခြေစိုက် ကိုရီးယားနေရှင်နယ်လိဂ် (Korea National League)ကလပ် မောင့်ပို စီးတီးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစား ခဲ့ရာ(၀-၁)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ယင်းခြေစမ်းပွဲမှာ မြန်မာယူ-၂၃ အသင်း၏ (၄)ပွဲမြောက် ခြေစမ်းပွဲဖြစ်ပြီး မောင့်ပိုစီးတီးအသင်းပိုင် မောင့်ပိုနိုင်ငံတကာ ဘောလုံးစင်တာ(Mokpo International Football Center)တွင်ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ မြန်မာယူ-၂၃ အသင်း သည် ကြည်လင်း၊ ကျော်ကိုကို၊ ကျော်ဇေယျာ ဝင်း၊ ရန်အောင်ဝင်း၊ ဇော်မင်းထွန်း အစရှိ သည့် အမာခံကစားသမားများကို အရန် လူငယ်ကစားသမားများဖြစ်သော အောင်သူ၊ ဆက်ဖြိုးဝေ၊ ရဲလင်းအောင်၊ စည်သူအောင်၊ အောင်ဇော် တို့နှင့်ပေါင်းစပ်ကာ ပွဲထွက်စေ ခဲ့ကြောင်း သိရသည်။ ပထမပိုင်းတွင် နှစ် သင်းစလုံး လျှင်မြန်မှုကိုအားပြုကာ ကစား ခဲ့ကြပြီး အပိုင်ဂိုးကန်သွင်းခွင့်များ အပြန် အလှန်ရရှိခဲ့ကြသော်လည်း နှစ်ဖက်နောက် တန်းလူများ ဖျက်ထုတ်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ ပထမပိုင်းတွင် ရဲလင်းအောင် နှင့် ရန်အောင်ဝင်းတို့ အပိုင်ဂိုးကန်သွင်းခွင့် များရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့သော ကြောင့် ဂိုးမရှိသရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

| မြန်မာယူ-၂၃အသင်း၏ ရလဒ်များ | | | | |
|---|---|---|---|---|
| ၂၁-၁၀-၁၃ | မြန်မာယူ-၂၃ | ၁-၁ | ဂွမ်ဂျူ FC | |
| ၂၃-၁၀-၁၃ | မြန်မာယူ-၂၃ | ၀-၁ | နမ်ဒူးတက္ကသိုလ် | |
| ၂၅-၁၀-၁၃ | မြန်မာယူ-၂၃ | ၄-၁ | ဟိုနမ်တက္ကသိုလ် | |
| ၂၇-၁၀-၁၃ | မြန်မာယူ-၂၃ | ၀-၁ | မောင့်ပိုစီးတီး | |
| ၃၀-၁၀-၁၃ | မြန်မာယူ-၂၃ | - | ကိုတန်တက္ကသိုလ် | |

ဒုတိယပိုင်းအစတွင် မောင့်ပိုစီးတီး အသင်းက လူစားလဲမှုများပြုလုပ်ခဲ့ပြီး ဂိုးရရှိ ရန်ကြိုးစားခဲ့သလို ရရှိခဲ့သည့် ဂိုးကန်သွင်း ခွင့်များကိုလည်း ပြည့်ဖြိုးအောင်(ဂိုး)က ကာ ကွယ်နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာအသင်း ပေးလိုက်ရသည့် တစ်လုံးတည်းသောဂိုးကို (၆၆)မိနစ်တွင် မြန်မာနောက်တန်းလူနှင့် မောင့်ပိုစီးတီးတိုက်စစ်မှူးတို့ အပြိုင်ခေါင်းခန် တိုက်၍ ယှဉ်လုရာမှပြန်ကျလာသည့် ဘော လုံးကို မောင့်ပိုကစားသမားတစ်ဦးက မြေမကျ ကန်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။







ပြီးခဲ့သည့်အောက်တိုဘာ(၂၇)ရက်က ကိုရီးယားနေရှင်နယ်လိဂ်ကလပ် မောင့်ပိုစီးတီးအသင်းနှင့် မြန်မာယူ-၂၃ အသင်းတို့ မောင့်ပိုနိုင်ငံတကာဘောလုံးစင်တာတွင် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့စဉ် (Photo: MFF)

First Eleven Sports Journal Vol:14 No.22 31, October, 2013

# ကြယ်ပွင့်တွေရဲ့ ဥယျာဉ်မှူး သို့မဟုတ် ဘောလုံးကင်းထောက်

ဆက်ပိုင်

ဘောလုံးအားကစားဆိုတာ တစ်ဦးတစ်ယောက်တည်းယှဉ်ပြိုင်ရတဲ့ကစားနည်းတစ်ခုမဟုတ်ပါဘူး။ အသင်းလိုက်၊ အဖွဲ့လိုက်စည်းလုံးမှု စိတ်အရင်းခံနဲ့ယှဉ်ပြိုင်ကစားရတဲ့ကစားနည်းဖြစ်တဲ့ဒီကစားနည်းမှာ တစ်ဦးချင်းစွမ်းရည်တွေနဲ့ ကိုယ့်ရဲ့အသင်းဖော်တွေကိုကူညီတာပဲဖြစ်ဖြစ်၊ တစ်ကိုယ်ကောင်းစိတ်နဲ့ပဲဖြစ်ဖြစ် ထူးချွန်နေတဲ့ကစားသမားတွေကလည်းဘောလုံးလောကမှာအများအပြားပါ။ နာမည်တွေကိုစီပြလိုက်ရင်လည်း စာမျက်နှာပြည့်သွားပါလိမ့်မယ်။ သူတို့တွေရရှိနေတဲ့ လစာငွေတွေကလည်း မက်မောလောက်စရာပါပဲ။ ဒါဆိုဒီလိုကစားသမားတွေပေါ်ထွက်လာဖို့ ဘောလုံးလောကမှာပရိသတ်မြင်တွေ့ ရဖို့နောက်ကွယ်ကနေအဓိကဆောင်ရွက်နေတာဘယ်သူတွေလဲလို့မေးစရာရှိပါတယ်။ ကစားသမားတစ်ယောက်ဟာဘယ်လောက်ပဲဘောလုံးပါရမီပါပါ သူ့ကိုစင်တင်ပေးမယ့်သူတော့လိုပါလိမ့်မယ်။ ဒီလိုထူးချွန်တဲ့ကစားသမားတွေကိုရှာဖွေပေးနေတာကရောဘယ်သူတွေလဲ။ ဘောလုံးကင်းထောက်(Scouts)တွေပါပဲ။ လေ့ကျင့်ရေးကွင်းတစ်ခုမှာ အသက်(၇၊ ၈)နှစ်အရွယ်ကလေးတွေနဲ့ တစ်ရက်(၈)နာရီလောက် ပြေးလွှားနေရတယ်။ ပြီးရင် စာမျက်နှာ(၁၃)မျက်နှာပါတဲ့အစီရင်ခံစာတစ်ခုရေးရပြန်တယ်။ သူတို့ရဲ့အလုပ်ချိန်က နောက်နေ့မနက်(၂)နာရီ လောက်မှပြီးတယ်။ မျက်လုံးတွေငိုက်စဥ်းနေသလိုတစ်ကိုယ်လုံးလည်းခြေကုန်လက်ပန်းကျနေပြီ၊ အစာအိမ်ထဲမှာလည်းအစာနတ္ထိ။ ရတဲ့ဝင်ငွေက တစ်ရက်ကိုစတာလင်ပေါင်(၄)ပေါင်။ ဒါတွေက အင်္ဂလိပ်ဘောလုံးလောကက ဘောလုံးကင်းထောက်တွေရဲ့တစ်နေ့တာဖြတ်သန်းမှုပုံစံကို BBC သတင်းဌာနရဲ့ အားကစားအယ်ဒီတာနာ ဘီလ်ဟာဆန်ကသုံးသပ်တင်ပြထားတာဖြစ်ပါတယ်။

## ကင်းထောက်အမျိုးအစား

ဘောလုံးကင်းထောက်အမျိုးအစား(၂)မျိုးရှိပါတယ်။ ပင်ကိုစွမ်းရည်ရှိတဲ့ကစားသမားတွေကိုရှာဖွေတဲ့(Talent scout)နဲ့နည်းစနစ်ကျွမ်းကျင်သူတွေကိုရှာဖွေတဲ့(Tactical scout)ဆိုပြီးတော့ပါ။ Talent scoutတွေက ကြယ်ပွင့်ဖြစ်လာနိုင်ခြေရှိတဲ့ကစားသမားတွေကိုစောင့်ကြည့်ရှာဖွေပေးရတာဖြစ်ပြီးဆိုင်ရာကလပ်အသင်းတွေအတွက်အလုပ်လုပ်ပေးရသူလည်းဖြစ်ပါတယ်။ ဘုန်းမောက်အသင်းရဲ့Talent scoutဖြစ်တဲ့ အန်ဒီပင်နီဆိုသူက အသက်(၇၊ ၈)နှစ် အရွယ်ကလေးတွေကိုလေ့ကျင့်သင်ကြားပေးနေ သူတစ်ဦးပါ။ ပင်နီဟာ ကင်းထောက်သက်တမ်း(၂၁)နှစ်ရှိသူဖြစ်ပြီး ကလေးတစ်ဦးချင်းစီရဲ့ တစ်နေ့တာအတွင်း အားသာချက်၊ အားနည်းချက်တွေကို အစီရင်ခံစာရေးပြီး ကလပ်အသင်းကိုပြန်လည်တင်ပြရပါတယ်။ ဒါပေမဲ့သူရတဲ့လစာကတော့(၄)ပေါင်တည်းပါ။ အကယ်၍ပင်နီပျိုးထောင်ပေးလိုက်တဲ့ကလေးတစ်ယောက်ကိုဘုန်းမောက်အသင်းကစာချုပ်ချုပ်မယ်ဆိုရင်တော့(၂၅)ပေါင်ထပ်မံရရှိပါတယ်။ ဒီငွေဟာ လက်ရှိပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲရဲ့ လက်မှတ်ခလောက်တောင်မရှိပါဘူး။ ပင်နီက “ ဒီကလေးတွေကိုပျိုးထောင်ပေးရတာကိုကကျွန်တော့်အတွက်စိတ်ကျေနပ်စရာပါပဲ။ လူငယ်ဘောလုံးလောကကိုကျွန်တော်နှစ်သက်တယ်။ ဒါကြောင့်ကျွန်တော်ဒီအလုပ်ကိုလုပ်တယ်။ ပိုက်ဆံအတွက်လုပ်နေတာလည်းမဟုတ်ဘူး။ ကျွန်တော့်ရဲ့အဓိကရည်ရွယ်ချက်က နောင်တစ်ချိန်မှာ လီယွန်နယ်မက်ဆီလိုကစားသမားမျိုးကို ရှာဖွေပျိုးထောင်ပေးချင်တာပါ”ဆိုပြီး ပွင့်လင်းစွာပြောဆိုခဲ့ပါတယ်။ ပင်နီကပင်ဆက်ပြီး “ ကျွန်တော်တို့ပျိုးထောင်ပေးတဲ့ကလေးတွေက ဘောလုံးအပေါ်ရူးသွပ်ရမယ်။ စိတ်ဝင်စားရမယ်။ အခြေခံပိုင်ရမယ်။ဒါဟာ ကျွန်တော်တို့ရှာဖွေနေတဲ့ကစားသမားတွေပါ” ဆိုပြီး ရှင်းပြခဲ့ပါတယ်။ Tactical scout တွေရဲ့တာဝန်ကတော့ပွဲတစ်ပွဲကိုစီမံကြီးကြပ်ရပြီးပွဲပြီး နည်းစနစ်ပိုင်းသုံးသပ်ချက်တွေကို အသေးစိတ် ပြန်လည်အစီရင်ခံရတာပဲဖြစ်ပါတယ်။



## ပြောင်းလဲလာတဲ့ကင်းထောက်ခြင်း

ခေတ်တွေတဖြည်းဖြည်းတိုးတက် ပြောင်းလဲလာသလို ဘောလုံးကင်းထောက်တဲ့ ပုံစံတွေလည်းပြောင်းလဲလာခဲ့ပါပြီ။ Scout7, Wyscoutတို့လို တစ်ကမ္ဘာလုံးက ကစားသမားတွေကို စောင့်ကြည့် အကဲဖြတ်နိုင်တဲ့နည်းပညာကွန်ရက်တွေလည်းပေါ်ပေါက်လာခဲ့ပါတယ်။ အားကစားသုတေသီမိုက်ကယ်ကယ်လ်ဗင်က “ဒီဒီယိုကင်းထောက်ခြင်းဟာ တဖြည်းဖြည်းကျယ်ပြန့်လာပြီး ကစားသမားပေါင်း(၁၆၀၀၀၀)လောက်ကိုလည်း တစ်ပြိုင်နက်တည်းစောင့်ကြည့်နိုင်ပါပြီ။ ဒါပေမဲ့နည်းပညာဆိုတာကအမြဲအကောင်းဆုံးဖြစ်လိမ့်ဆိုတာကိုတော့ ကျွန်တော်လက်မခံပါဘူး။ခေတ်ဟောင်းကင်းထောက်ခြင်း(old-school scouting)ကပဲ ကစားသမားတစ်ယောက်ရဲ့အသေးစိတ်အချက်အလက်ကိုဆုံးဖြတ်ပေးနိုင်မှာပါ”လို့ သုံးသပ်ပြောဆိုခဲ့ပါတယ်။ ဘောလုံးကင်းထောက်နဲ့ပတ်သက်လို့အထင်ရှားဆုံးသာဓကကိုပြပါဆိုရင်တော့ မော်ရင်ဟိုနဲ့ဘိုအက်ရှ်ကိုပြရပါလိမ့်မယ်။ သူတို့နှစ်ယောက်စလုံးက တစ်ချိန်က ဘောလုံးကင်းထောက်တွေအဖြစ် ဆာဘော်ဘီရော့ဘ်ဆင်လက်အောက်မှာလုပ်ပေးခဲ့ရသူတွေပါပဲ။

ဘောလုံးအားကစားရှိနေသမျှ ဘောလုံးကြယ်ပွင့်ဆိုတာလည်းရှိနေဦးမှာပါ။ ဒီလိုကြယ်ပွင့်တွေထွက်ပေါ်လာဖို့ဘောလုံးကင်းထောက်တွေဆိုတာလည်းလစာနည်းနည်း၊ များများရှိနေဦးမှာပါပဲ။ တကယ်တော့ဘောလုံးကင်းထောက်တွေဆိုတာဘောလုံးအားကစားရဲ့အသက်သွေးကြောတစ်ခုလိုပါပဲ။ အခုရော၊ နောက်ရောတန်ဖိုးဖြတ်လို့မရတဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ်ဘောလုံးလောကမှာတည်ရှိနေဦးမှာပါပဲ။



First Eleven Sports Journal Vol:14 No.22 31, October, 2013

# ဝင်းဂါး-အိုဇေးလ်-မော်ရင်ဟို ဇာတ်လမ်းဟောင်းတွေနဲ့ ကြိုဆိုနေတဲ့လန်ဒန်ဒါဘီ

ဝေယံအောင်

ပရီးမီးယားလိဂ်ပြိုင်ပွဲ (၄)ပုံ(၁)ပုံ ကျိုးလုချိန်မှာ ချန်ပီယံလိဂ်၊ လိဂ်ဖလား စတဲ့ကြားပွဲတွေကလည်း ဘေးကျပ်နံကျပ်ဖြစ်အောင် ထပ်ဆောင်းဖြည့်စွက်နေပါတယ်။ ဒီတစ်ပတ်အင်္ဂါ၊ ဗုဒ္ဓဟူးမှာ လိဂ်ဖလားပွဲစဉ်တွေ ယှဉ်ပြိုင်ရမှာဖြစ်သလို၊ လာမယ့်ကြားရက်မှာလည်း ချန်ပီယံလိဂ်ပွဲစဉ်တွေ ဆက်ပြီးယှဉ်ပြိုင်ရဦးမှာပါ။ ဒီတော့ ပရီးမီးယားလိဂ်ထိပ်သီးအသင်းတွေအတွက် စစ်မျက်နှာအသီးသီးမှာ ရလဒ်ကောင်းဖို့ ခက်ခက်ခဲခဲဖြတ်သန်းရမယ့် အချိန်ကာလလို့လည်း ဆိုနိုင်ပါတယ်။ ဒီအထဲမှာမှ အပြင်းထန်ဆုံးစိန်ခေါ်မှုကို ရင်ဆိုင်ရမယ့်အသင်းကတော့ ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းပါပဲ။ အကြောင်းကတော့ လိဂ်ဖလားမှာ အာဆင်နယ်အသင်းရင်ဆိုင်ရမှာက အခက်ခဲဆုံးပြိုင်ဘက်ချယ်လ်ဆီးဖြစ်နေတဲ့အပြင် လာမယ့်ပရီးမီးယားလိဂ်ပွဲက လီဗာပူးလ်၊လာမယ့် ချန်ပီယံလိဂ်ပွဲကဒေါ့မွန်၊ နောက်ထပ်ဆုံတွေ့ရမယ့် ပရီးမီးယားလိဂ်ပြိုင်ဘက်ကမန်ယူအသင်း ဖြစ်နေတာကြောင့်ပါ။ အာစင်ဝင်းဂါးအတွက် ထိပ်သီးပြိုင်ဘက်(၄)သင်းနဲ့ ပွဲကျပ်(၄)ပွဲကို(၁၃) ရက်အတွင်းမှာ ဆက်တိုက်ရင်ဆိုင်ကစားရမယ့် အနေအထားလည်းဖြစ်နေပါတယ်။ ပြီးတော့ ဒီပွဲကျပ်ကာလကို စတင်ဖွင့်လှစ်ရမှာကလည်းတစ်ကြိမ်မှမနိုင်ဖူးသေးတဲ့ မော်ရင်ဟိုဖြစ်နေပြန်ပါတယ်။

## လန်ဒန်က ဇာတ်လမ်းဟောင်း

လန်ဒန်ဒါဘီနဲ့ ပွဲကျပ်ကာလအဖွင့်။ ဒါက အာဆင်နယ်အသင်းအတွက် ရင်ခုန်စရာလို့ဆိုရုံနဲ့မလုံလောက်နိုင်ပါဘူး။ အာစင်ဝင်းဂါးနဲ့ မော်ရင်ဟိုရဲ့ကြားဖြစ်တည်ခဲ့ဖူးတဲ့ စကားလုံးတိုက်ပွဲတွေ၊ အာဆင်နယ်ကစားသမားသစ်အိုဇေးလ်နဲ့ မော်ရင်ဟိုတို့ရဲ့ စပိန်မြေကဆက်ဆံမှုတွေကစိတ်ဝင်စားစရာဇာတ်လမ်းဟောင်းတွေအဖြစ် ရှိနေပါသေးတယ်။ ဒီတော့ ဘောလုံးပရိသတ်ကို အမြဲ စိတ်လှုပ်ရှားစေတဲ့ လန်ဒန်ဒါဘီက အမှတ်လုပွဲ၊ ဖလားလုပွဲဆိုတာထက် ပိုပြီးအဓိပ္ပာယ်ရှိနေမှာတော့သေချာပါတယ်။ ချယ်လ်ဆီးကို မော်ရင်ဟို ရောက်မလာခင်က ပရီးမီးယားလိဂ်ဆိုတာ မန်ယူနဲ့ အာဆင်နယ်၊ ဖာဂူဆန်နဲ့ အာစင်ဝင်းဂါးတို့ရဲ့ ပြိုင်ပွဲတစ်ခုလို ဖြစ်နေခဲ့တာပါ။ မော်ရင်ဟိုရောက်လာတော့ အခြေအနေက ပြောင်းသွားပါတယ်။ လန်ဒန်မှာ မင်းမူနေတဲ့ အာစင်ဝင်းဂါးကို မော်ရင်ဟိုက ကျော်လွှားခဲ့ပြီး ဖာဂူဆန်ရဲ့အဓိက စိန်ခေါ်သူနေရာကို ရယူသွားခဲ့ပါတယ်။ မော်ရင်ဟို ရောက်လာပြီး မရှေးမနှောင်းမှာပဲ အာဆင်နယ်အသင်းရဲ့ ဖလားလက်မဲ့ရာသီဆိုးတွေ ရောက်ရှိလာခဲ့တာကြောင့်အာစင်ဝင်းဂါးအတွက်မော်ရင်ဟိုဟာလာခြင်းကောင်းသောသူတစ်ယောက်တော့ မဟုတ်ခဲ့ပါဘူး။ ပိုပြီးသေချာတာက မော်ရင်ဟိုကိုင်တွယ်ခဲ့စဉ်ကာလအတွင်း ချယ်လ်ဆီးနဲ့ (၈)ပွဲဆုံတွေ့ခဲ့ရာမှာ တစ်ပွဲမှ အနိုင်မရခဲ့ဘဲ (၄)ပွဲသရေ၊ (၄)ပွဲရှုံးခဲ့တာပါ။ မြို့ခံပြိုင်ဘက်ကို အိမ်ကွင်းမှာတောင် အခွင့်အရေးမယူနိုင်ခဲ့တဲ့ အခြေအနေက မော်ရင်ဟိုမရောက်ခင် ရလဒ်ပိုင်းနဲ့ ချိန်ထိုးကြည့်ရင် ပိုထင်ရှားသွားပါလိမ့်မယ်။ အာစင်ဝင်းဂါးဟာ ၁၉၉၉ ခုနှစ်ကစပြီး ၂၀၀၄ ခုနှစ်အထိ ချယ်လ်ဆီးအသင်းကို ရှုံးပွဲမရှိ ယှဉ်ပြိုင်ထားနိုင်ခဲ့ပြီး မော်ရင်ဟိုရောက်ခါနီး ၂၀၀၃-၀၄ ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲမှာမှ ရှုံးပွဲပြန်တွေ့ခဲ့တာဖြစ်ပါတယ်။ အခုအချိန်အထိ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု မှတ်တမ်းမှာ အာဆင်နယ်အသင်းက အသာစီးရရှိနေဆဲဆိုပေမယ့် ၂၀၀၄ နောက်ပိုင်းကိုပဲ သီးသန့်တွက်မယ်ဆိုရင်တော့ ရုရှားသူဌေးအေဘရာမိုဗစ်ချ်ရဲ့ငွေကြေးတွေ၊ မော်ရင်ဟိုရဲ့အစွမ်းအစတွေနဲ့ အရှိန်ရသွားတဲ့ချယ်လ်ဆီးအသင်းက ပြန်ပြီးအသာစီးရရှိနေပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်း မြို့ခံပြိုင်ဘက်ရဲ့အောက်ကို ရောက်သွားတဲ့အခြေအနေ၊ ဖလားလက်မဲ့ရာသီဆိုးတွေနဲ့ အမှောင်ဖုံးခဲ့ရတဲ့အခြေအနေတွေအတွက် မော်ရင်ဟိုဟာ အဓိကမဟုတ်ရင်တောင် သွယ်ဝိုက်သောအားဖြင့် သက်ဆိုင်သူတစ်ဦးဖြစ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ စကားလုံးတိုက်ပွဲ ဆင်နွှဲရာမှာထူးချွန်သူ မော်ရင်ဟိုရဲ့ ပြင်းထန်တဲ့စကားတစ်ခွန်းကိုလည်း အာစင်ဝင်းဂါး မေ့ပစ်နိုင်ဦးမှာ မဟုတ်ပါဘူး။ အာစင်ဝင်းဂါးက ချယ်လ်ဆီးအသင်းရဲ့ရလဒ်ပိုင်းတွေနဲ့ ပတ်သက်ပြီး ဝေဖန်ပြောကြားမှုတွေ အကြိမ်ကြိမ်ပြုလုပ်နေခြင်းအတွက် မော်ရင်ဟိုက ပြန်လည်တုံ့ပြန်ခဲ့တာပါ။ "အာစင်ဝင်းဂါးဟာ ကိုယ့်အသင်းကိုယ် အာရုံမစိုက်ဘဲ ချယ်လ်ဆီး၊ ချယ်လ်ဆီး၊ ချယ်လ်ဆီးပဲအဆက်မပြတ်ပြောနေတာ က တခြားမိသားစုရဲ့အတွင်းရေးကို ချောင်းမြောင်းကြည့်ရှုလေ့ရှိသူလိုပါပဲ။ သူ့ကို voyeur လို့ အမည်ပေးသင့်ပါတယ်" လို့ဆိုခဲ့တာပါ။ ပြင်းထန်တဲ့စကားဆိုတာကတော့ voyeur ရဲ့ အဓိပ္ပာယ်က တစ်ပါးသူတွေရဲ့လိင်ကိစ္စကို ချောင်းကြည့်သူ ဖြစ်နေတာကြောင့်ပါ။ အာစင်ဝင်းဂါးကလည်း မော်ရင်ဟိုကို တိုက်ခိုက်ခဲ့ဖူးပါတယ်။ ၂၀၀၇ခုနှစ်၊ လိဂ်ဖလားဗိုလ်လုပွဲမှာ ဆုံတွေ့တော့ "ချန်ပီယံလိဂ်ဖလား ရယူဖူးတဲ့နည်းပြတွေ အများကြီးရှိပါတယ်။ အားလုံး ထိပ်တန်းနည်းပြဖြစ်မလာပါဘူး။ ထိပ်တန်းနည်းပြဆိုတာက သက်တမ်း(၁၀)နှစ်၊ (၁၅)နှစ်၊ အနှစ်(၂၀) အောင်မြင်မှုတွေကို တည်တည်ငြိမ်ငြိမ်ရယူဖြတ်သန်းနိုင်ဖို့လိုပါတယ်။ (၅)နှစ်လောက်ပဲ ဖြတ်သန်းရသေးရင် နောက်ထပ်(၅)နှစ် ဖြတ်သန်းဖြို့ လိုပါတယ်" လို့ ပြောကြားခဲ့တာပါ။ မော်ရင်ဟိုလို့ အမည်မတပ်ပေမယ့် မော်ရင်ဟိုကို ရည်ရွယ်ထိုးနှက်ခဲ့တယ်ဆိုတာတော့ အားလုံးအသိပါ။

## ဘာနေဗျူးက အတိတ်

ဒါပေမဲ့ လန်ဒန်ကို တစ်ကျော့ပြန်လာချိန်မှာတော့မော်ရင်ဟိုကအာစင်ဝင်းဂါးကို တလေးတစား သံတမန်ဆန်တဲ့ စကားတွေနဲ့ ဆက်ဆံနေသလို၊ အာစင်ဝင်းဂါးကလည်း မော်ရင်ဟိုလို နည်းပြတစ်ဦးရောက်လာတာ ပရီးမီးယားလိဂ်ချန်ပီယံဆုရယူနိုင်ဖို့ ပိုခက်ခဲသွားမှာဖြစ်တဲ့အကြောင်း၊ ဝန်ခံခဲ့ပါတယ်။ ဒါဟာ အာစင်ဝင်းဂါးအနေနဲ့ တစ်ချိန်က သူအဓိပ္ပာယ်ဖွင့်ဆိုခဲ့တဲ့ ထိပ်တန်းနည်းပြတစ်ဦးအဖြစ် မော်ရင်ဟိုကို သတ်မှတ်လိုက်ပြီလို့လည်း ကောက်ချက်ချနိုင်ပါတယ်။ မော်ရင်ဟိုကလည်း တစ်ချိန်ကပြောကြားခဲ့တဲ့ စကားတွေဟာ နည်းပြတွေအတွက် လုပ်ရိုးလုပ်စဉ် စကားလုံးတိုက်ပွဲဆင်နွှဲခြင်းသာဖြစ်ကြောင်းနဲ့ အာစင်ဝင်းဂါးဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေထဲက တစ်ဦးဖြစ်ကြောင်း လေပြေထိုးထားပါတယ်။ ဒီနှုတ်ထွက်စကားတွေက ရင်ထဲကအသံတွေအတိုင်းဟုတ်၊ မဟုတ်ဆိုတာကိုတော့ ကာယကံရှင်တွေပဲ သိနိုင်မှာပါ။ voyeur ဆိုတဲ့ စကားလုံးအတွက် အာစင်ဝင်းဂါးက တရားစွဲဆိုဖို့အထိတောင် စီစဉ်ခဲ့ဖူးတဲ့အတိတ်က တကယ်ပဲ ပျောက်ကွယ်သွားပြီး နှစ်ဦးကြားငြိမ်း ချမ်းရေးရသွားပြီလားဆိုတာကိုတော့ ကောက်ချက်ချဖို့ စောနေဦးမှာပါ။ လန်ဒန်ဒါဘီကို ပထမဆုံးဆင်နွှဲရမယ့် အိုဇေးလ်နဲ့ မော်ရင်ဟိုတို့ရဲ့အတိတ်ဟောင်းကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ တကယ်တော့အိုဇေးလ်က မော်ရင်ဟိုအကြိုက်တွေ့လို့ ဗါဒါဘရီမင်ကနေ ရီးယဲလ်ကို ခေါ်ယူခဲ့တဲ့ကစားသမားပါ။ ကာကာကို ရထားဖို့ရည်ရွယ်ခဲ့ပေမယ့် ထက်မြက်တဲ့ခြေစွမ်းကြောင့် ဒုတိယရာသီမှာ နံပါတ်(၁၀)ပေးပြီး အသင်းရဲ့ အဓိကကွင်းလယ်လူအဖြစ် ကစားစေခဲ့ပါတယ်။ ဒါပေမဲ့ မိုဒရစ်ရောက်လာချိန်မှာ မော်ရင်ဟိုက အပြောင်းအလဲတွေပြုလုပ်ခဲ့တာကြောင့် ပုံမှန်ပွဲထွက်ခွင့်လျော့လာတဲ့အိုဇေးလ်ဆီက မပျော်ရွှင်တော့ဘူးဆိုတဲ့အသံထွက်လာပါတယ်။ မကြိုးစားတဲ့သူ အသင်းမှာနေရာမရဘူးလို့ မော်ရင်ဟိုက ထုတ်ဖော်သတိပေးပြီးတဲ့နောက် ဒီပို့တီဗိုနဲ့ လာလီဂါပွဲမှာ အိုဇေးလ်ကို ပထမပိုင်းအပြီး လူစားလဲလိုက်ပါတယ်။ ဒီလို မော်ရင်ဟိုနဲ့ အိုဇေးလ်ပြဿနာကို ပိုထင်ရှားအောင်လုပ်ခဲ့တာကတော့ အဲဒီပွဲဒုတိယပိုင်းမှာ ရာမို့စ်က အိုဇေးလ်ရဲ့အင်္ကျီကို သူ့အင်္ကျီအောက်မှာ ခံဝတ်ပြီးကစားခဲ့တာပါ။ ဒါကြောင့် မီဒီယာတွေမှာ ပျံ့နှံ့သွားခဲ့ပြီး မော်ရင်ဟိုကို ဖြေရှင်းချက်ပေးရတဲ့အထိ ဖြစ်သွားခဲ့ပါတယ်၊ ရာမို့စ်က မော်ရင်ဟိုရဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်တာမဟုတ်ပါဘူးလို့ ဆိုခဲ့ပေမယ့် အဲဒီနောက်ပိုင်းမှာတော့ မော်ရင်ဟိုနဲ့ စပိန်ကစားသမားတွေရဲ့ ဆက်ဆံရေး၊ စပိန်နဲ့ ပေါ်တူဂီကစားသမားတွေ နှစ်ခြမ်းကွဲနေတယ်ဆိုတဲ့သတင်းတွေ အဆက်မပြတ်ထွက်လာခဲ့ပြီး နောက်ဆုံးမော်ရင်ဟိုလည်း ရီးယဲလ်နဲ့ လမ်းခွဲဇာတ်သိမ်းခဲ့ရပါတယ်။ အိုဇေးလ်လည်း တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို လန်ဒန်ပြိုင်ဘက်အသင်းကို ရောက်လာခဲ့ပါတယ်။

ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးအခြေအနေအတွက် မေးခွန်းထုတ်သူတွေကို အိုဇေးလ်ဖြေခဲ့ဖူးတဲ့စကားက "ကျွန်တော်တို့ အဆက်အသွယ်ရှိနေဆဲပါ။ ကျွန်တော် အာဆင်နယ်ကို ပြောင်းတော့ လန်ဒန်မြို့က ကြိုဆိုပါတယ်လို့ မော်ရင်ဟို မက်ဆေ့ချ်ပို့ခဲ့ပါတယ်။ ဒါ ကျွန်တော်တို့ကြားက ဆက်ဆံရေးအခြေအနေပါပဲ" လို့ ဆိုခဲ့ပါတယ်။ မော်ရင်ဟိုကလည်း ပြီးခဲ့တဲ့စက်တင်ဘာလဆန်း အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းစမှာ "အာဆင်နယ်အသင်းက ဒမ်ဘာဘားကို အရားခေါ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်၊ ကျွန်တော် လက်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က ချန်ပီယံပြိုင်ဘက်ဖြစ်သလို၊ အိုဇေးလ်လည်း ရှိနေတဲ့အခြေအနေကို အားဖြည့်ပေးလိုက်သလိုဖြစ်သွားမှာကြောင့်ပါ။ အိုဇေးလ်ဟာ ကမ္ဘာ့အကောင်းဆုံးနံပါတ်(၁၀)ကစားသမားပါ" လို့ ဆိုခဲ့ဖူးတာကိုကြည့်ရင် အခြေအနေက ငြိမ်းချမ်းတယ်ဆိုတဲ့သဘောပါ။ ဘာပဲဖြစ်ဖြစ် အာဆင်နယ်အသင်းနဲ့ အာစင်ဝင်းဂါးအတွက် အကောင်းဆုံးစိန်ခေါ်မှုတွေ ဆိုက်ရောက်လာချိန်၊ မော်ရင်ဟိုနဲ့ ဆက်နွှယ်နေတဲ့အတိတ်ဇာတ်လမ်းဟောင်းတွေနဲ့ လာမယ့်လန်ဒန်ဒါဘီက အရင်ကထက် စိတ်လှုပ်ရှားရမှာကတော့ အသေအချာပါပဲ··။



Photo: AFP

| အာဆင်နယ်အသင်း၏ ပွဲကျပ်ကာလ | | |
|---|---|---|
| ၂၉-၁၀-၁၃ | ချယ်လ်ဆီး(အိမ်ကွင်း) | လိဂ်ဖလား |
| ၂-၁၁-၁၃ | လီဗာပူးလ်(အိမ်ကွင်း) | ပရီးမီးယားလိဂ် |
| ၆-၁၁-၁၃ | ဒေါ့မွန်(အဝေးကွင်း) | ချန်ပီယံလိဂ် |
| ၁၀-၁၁-၁၃ | မန်ယူ(အဝေးကွင်း) | ပရီးမီးယားလိဂ် |

| အာစင်ဝင်းဂါး Vs မော်ရင်ဟို | | | |
|---|---|---|---|
| ၁၂-၁၂-၀၄ | အာဆင်နယ် | ၂-၂ | ချယ်လ်ဆီး (ပရီးမီးယားလိဂ်) |
| ၂၀-၄-၀၅ | ချယ်လ်ဆီး | ၀-၀ | အာဆင်နယ် (ပရီးမီးယားလိဂ်) |
| ၇-၈-၀၅ | ချယ်လ်ဆီး | ၂-၁ | အာဆင်နယ် (ကွန်မြူနတီဒိုင်း) |
| ၂၁-၈-၀၅ | ချယ်လ်ဆီး | ၁-၀ | အာဆင်နယ် (ပရီးမီးယားလိဂ်) |
| ၁၈-၁၂-၀၅ | အာဆင်နယ် | ၀-၂ | ချယ်လ်ဆီး (ပရီးမီးယားလိဂ်) |
| ၁၀-၁၂-၀၆ | ချယ်လ်ဆီး | ၁-၁ | အာဆင်နယ် (ပရီးမီးယားလိဂ်) |
| ၂၅-၂-၀၇ | ချယ်လ်ဆီး | ၂-၁ | အာဆင်နယ် (လိဂ်ဖလား) |
| ၆-၅-၀၇ | အာဆင်နယ် | ၁-၁ | ချယ်လ်ဆီး (ပရီးမီးယားလိဂ်) |

စကားစစ်ထိုးပွဲ(Debate)တွေက ဒီနေ့လူမှုကွန်ရက်တွေမှာအများအပြားတွေ့မြင်နေရပါတယ်။ မက်ဆီနဲ့စီရော်နယ်လ်ဒို ဘယ်သူပိုကောင်းသလဲ၊ နေမာနဲ့ ဘေးလ် ဘယ်သူကပြောင်းရွှေ့ကြေးနဲ့ထိုက်တန်တဲ့ ခြေစွမ်းကိုပြသနေသလဲ၊ ပေါလ်စခိုးလ်၊ ပီယာလို၊ ဇာဗီ တို့မှာ ဘယ်သူက ပိုကောင်းတဲ့ ကွင်းလယ်ဖန်တီးရှင်တွေလဲဆိုပြီး ခေါင်းစဉ်တွေအမျိုးမျိုးနဲ့ငြင်းခုံနေကြတာပါ။ ငြင်းခုံမှုက အမြင်သစ်တွေကိုဖြစ်ပေါ်စေတယ်ဆိုတဲ့အတိုင်း Debate တွေမှာ ကိုယ်လက်မခံနိုင်တဲ့ အချက်တွေရှိရင်တောင် အတွေးအခေါ်သစ်တွေကိုလည်း ရရှိစေတာအမှန်ပါပဲ။ ဒီဆောင်းပါးကလည်း Debate တွေကနေ စီးဆင်းလာတယ်လို့ဆိုနိုင်ပါတယ်။ အတိအကျပြောရရင် Sky Sports ရုပ်သံလိုင်းက ဘောလုံးဝေဖန်သုံးသပ်သူတွေဖြစ်တဲ့ မန်ယူနောက်ခံလူဟောင်း ဂယ်ရီနဗီးလ်နဲ့ လီဗာပူးလ်နောက်ခံလူဟောင်း ကာရေဂါတို့ရဲ့ ခေတ်သစ်နောက်ခံလူ(Modern Defender) တွေနဲ့ပတ်သက်တဲ့ Debate၊ အဲဒီကမှ ဒီနှစ်ယောက်ရဲ့အမြင်တွေကို လူမှုကွန်ရက်တွေမှာ ငြင်းခုန်နေကြတဲ့ Debate တွေက စီးဆင်းလာတာပါ။

## ပျော်မြူမှုကို လိုချင်တဲ့ Sky

Sky Sports ရုပ်သံလိုင်းမှာ ဘောလုံးဝေဖန်သုံးသပ်သူတွေအဖြစ် ဂယ်ရီနဗီးလ်နဲ့ ကာ



# ဂယ်ရီနဗီးလ်၊ ကာရေဂါ စကားစစ်ထိုးပွဲနဲ့ ခေတ်သစ်နောက်ခံလူ

ကျော်ရင်

ရေဂါကို ဘာကြောင့်အတူတွဲထားရသလဲဆိုပြီး တချို့လူတွေအံ့အားသင့်ကြပါတယ်။ ဂယ်ရီနဗီးလ်က မန်ယူအတွက်၊ ကာရေဂါက လီဗာပူးလ်အတွက် စိတ်အားထက်သန်မှု၊ သစ္စာရှိမှု၊ ပေးဆပ်မှုတွေမှာ တူညီခဲ့ပါတယ်။ ဒါပေမဲ့ မန်ယူနဲ့ လီဗာပူးလ်ဆိုတာက အောင်မြင်မှုအစဉ်အလာရ မဟာပြိုင်ဘက်တွေဖြစ်ပြီး ဒီနှစ်သင်းရဲ့တွေ့ဆုံမှုကို အင်္ဂလန်ဒါဘီလို့တောင်သတ်မှတ်ခံထားရပါတယ်။ ဒါကြောင့် ဒီနှစ်ယောက်ကလည်း တစ်ချိန်က တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းမဆိုင်နိုင်၊ မျက်လုံးချင်းမဆုံနိုင်လောက်အောင် ဖြစ်ခဲ့ကြသူတွေပါ။ Sky Sports ကလည်း ဒီအချက်ကိုပဲ အသုံးပြုချင်တယ်။ မန်ယူ၊ လီဗာပူးလ်တို့ရဲ့ ပြိုင်ဆိုင်မှုကို သူတို့ဆီယူဆောင်လာစေပြီး ပရိသတ်ကို ဖျော်ဖြေမှုပေးချင်တဲ့ ဆန္ဒရှိပါတယ်။ သူတို့ရဲ့ အစီအစဉ်ကလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရနေတယ်လို့ဆိုနိုင်ပါတယ်။ ဂယ်ရီနဗီးလ်နဲ့ ကာရေဂါတို့ရဲ့ ဝေဖန်သုံးသပ်ချက်တွေကို ဥရောပမီဒီယာတွေက ပြန်လည်သုံးသပ်ရာမှာတော့ ဂယ်ရီနဗီးလ်ရဲ့ သုံးသပ်ချက်တွေက ပညာရှင်ဆန်ပြီး နည်းစနစ်ကျကျ၊ အချက်ကျကျ ပြောတတ်တယ်။ ကာရေဂါကတော့ပရိသတ်တစ်ယောက်ရဲ့ အမြင်မျိုးပဲရှိတယ်လို့ဆိုကြပါတယ်။ ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်ကို ကာရေဂါဝေဖန်ပြီး ဂယ်ရီနဗီးလ်ပြန်လည်ငြင်းခုံခဲ့တဲ့ အကြောင်းအရာကတော့ မီဒီယာတွေကြား၊ ပရိသတ်တွေကြားမှာ ရေပန်းစားခဲ့ပါတယ်။ ဒီအဖြစ်အပျက်က ချယ်လ်ဆီး၊ အဲဗာတန်ကိုရှုံးခဲ့တဲ့ပွဲဆိုတော့ အချိန်အားဖြင့် (၁)လကျော်ကြာမြင့်ခဲ့ပါပြီ။ ဒါပေမဲ့ ပရိသတ်တွေကြားက Debate နဲ့ ဘောလုံးကျွမ်းကျင်သူတွေရဲ့ အမြင်တွေက အခုအထိအဆုံးမသတ်သေးပါဘူး။ ဘာကြောင့်လဲလို့ဆိုရင် အကြောင်းအရာက ခေတ်သစ်နောက်ခံလူတွေနဲ့ ဆက်နွှယ်နေလို့ဖြစ်ပါတယ်။

## လိုအပ်တဲ့ ခေတ်သစ်နောက်ခံလူ

ကာရေဂါက ချယ်လ်ဆီးရှုံးနိမ့်ခဲ့ရတဲ့ အဲဗာတန်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးမှာ ဒေးဗစ်လူးဝစ်ဇ် တာဝန်အပြည့်ရှိတယ်၊ သူဟာ နောက်ခံလူတစ်ဦး လိုက်နာရမယ့် ဥပဒေသကို ချိုးဖောက်တယ်၊ နောက်ခံလူတစ်ဦး ရှိသင့်ရှိထိုက်တဲ့ နေရာမှာ ရှိမနေခဲ့ဘူး၊ သူဟာ ထိန်းချုပ်မှုကင်းမဲ့နေတယ်လို့ ဝေဖန်သုံးသပ်ခဲ့တာဖြစ်ပါတယ်၊ ဂယ်ရီနဗီးလ်ကတော့ လူးဝစ်ဇ်ဟာ မော်ဒန်ကစားနည်းရဲ့ လိုအပ်ချက်အတိုင်းကစားခဲ့တာဖြစ်တယ်၊ သူ့ကစားပုံက အပေါင်းလက္ခဏာဆောင်တယ်၊ ရှေ့တက်ကစားဖို့လိုအပ်ပါတယ်လို့ ပြန်လည် ငြင်းခုံသုံးသပ်ခဲ့တာပါ။

လူမှုကွန်ရက်က Debate တွေမှာတော့ ကာရေဂါကိုထောက်ခံတဲ့သူတွေ၊ ဂယ်ရီနဗီးလ်ကိုထောက်ခံတဲ့သူတွေနဲ့ ပြိုင်ပြိုင်ဆိုင်ဆိုင်ကို ဆွေးနွေးငြင်းခုံနေပါတယ်။ ဒါပေမဲ့ ဘောလုံးကျွမ်းကျင်သူတွေကတော့ ကာရေဂါရဲ့သုံးသပ်ချက်ဟာ ဒီနေ့ဘောလုံးလောကရဲ့လိုအပ်ချက်နဲ့ဆန့်ကျင်နေတယ်လို့ဆိုကြပါတယ်၊ ဒီနေ့ ဘောလုံးလောကမှာ အကောင်းဆုံးနောက်ခံလူတွေအဖြစ်ဘယ်သူတွေကိုသတ်မှတ်မလဲ။ သီယာဂိုဆေးလ်ဗား၊ ကွန်ပနီ၊ ချီလီနီ၊ ပီကေး၊ ဟမ်းမဲလ်၊ ရာမို့စ် တို့လို့ဆိုနိုင်ပါတယ်၊ သူတို့ရဲ့ ဘုံတူညီချက်က ဘာလဲဆိုတာကိုပြန်ကြည့်ရင် ခံစစ်ကိုကာကွယ်တာတစ်ခုတည်းတော့မဟုတ်ပါဘူး။ ဘောလုံးနဲ့အတူသက်သောင့်သက်သာရှိမှု၊ အထူးသဖြင့် ဘောလုံးကို ဆွဲပြေးနိုင်စွမ်းဆိုတဲ့ (Ability to carry the ball)ဖြစ်တယ်လို့ဆိုကြပါတယ်။ ဘောလုံးလောကရဲ့ ပြောင်းလဲနေတဲ့နည်းစနစ်တွေကြားမှာ ကစားသမားတွေကလည်း ကစားပုံကို လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲနေရပါတယ်။ နောက်ခံလူတွေ ဘာဖြစ်လို့ ဘောလုံးကိုသယ်ဆောင်ပေးဖို့လိုသလဲ၊ ဘာကြောင့်ရှေ့တက်ကစားဖို့လိုအပ်သလဲ လို့ဆိုရင် ကွင်းလယ်လူတွေမှာ ဝန်ပိလာလို့ဖြစ်ပါတယ်။ ၄-၂-၃-၁ ကစားပုံ တွင်ကျယ်လာတဲ့နောက်မှာ၊ False Nine ကစားပုံနဲ့ ကွင်းလယ်မှာ လူရှသလောက်ရှိပြီး မဟာဗျူဟာအားပြိုင်မှုက ကွင်းလယ်ကို ရောက်ရှိလာတဲ့ခေတ်မှာ နောက်ထပ်ကွင်းလယ်ကို အားဖြည့်ဖို့လူထပ်ရှာလာရပါတယ်၊ တိုက်စစ်မှူးက ကွင်းလယ်ကိုဝင်ပြီး False Nine ကစားရသလို၊ နောက်ခံလူကလည်း ကွင်းလယ်ကိုတက်ပြီး Libero အဖြစ်ကစားဖို့ဖြစ်လာပါတယ်။ Libero ဆိုတာက အီတလီဝေါဟာရဖြစ်ပြီး အဓိပ္ပာယ်က လွတ်လပ်သော(Free) ဖြစ်ပါတယ်။ ဘောလုံးအထိန်းအသိမ်း၊ အပေးအပို့ကောင်းမွန်ပြီး စွယ်စုံရနောက်ခံလူတွေဟာ ခံစစ်သက်သက်ကစားပုံထက် တိုက်စစ်ကိုအကူအညီပေးနိုင်တဲ့ပုံစံနဲ့ ကစားလာကြပါတယ်။ သူတို့ကို အီတလီဂျာနယ်လစ် Gianni Brera က Libero လို့စတင်အသုံးပြုရာက ဒီအသုံးအနှုန်းကတွင်ကျယ်လာတာပါ။ ဒီနေ့ Libero ကိုတစ်ခွန်းတည်းနဲ့ အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင်တော့ Playmaking Centre back (ဗဟိုနောက်ခံဖန်တီးရှင်)လို့ဆိုနိုင်ပါတယ်။ ယူရို-၂၀၁၂မှာ အီတလီနည်းပြ ပရန်ဒယ်လီက ဒီရော့ဆီကို နောက်တန်းဆင်းကစားစေပြီး Libero အဖြစ်အသုံးပြုရာမှာ အောင်မြင်မှု အသီးအပွင့်တချို့ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီမတိုင်ခင်ကတည်းက ဘာစီလိုနာက ပီကေး၊ ရီးယဲလ်က ရာမို့စ်တို့ဟာ Libero အဖြစ်ကစားနေတဲ့ နောက်ခံလူတွေဖြစ်ပြီး အသင်းကလည်းဆုဖလားတွေရယူနိုင်ခဲ့ပြီးသားပါ။ ဘာရာဇီးလ်က သီယာဂိုဆေးလ်ဗား၊ လူးဝစ်ဇ်တို့နဲ့၊ ဂျာမနီက ဟမ်းမဲလ်နဲ့၊ စပိန်က ပီကေး၊ ရာမို့စ်တို့နဲ့ Libero တွေကိုအမြဲအသုံးပြုနေတာပါ။ ဟော်လန်ဆိုရင် အစဉ်တစိုက် Libero ထွက်ရှိအောင် စီမံကိန်းချ လုပ်ဆောင်ပါတယ်။ Libero တွေကိုမနှစ်သက်တဲ့သူတွေကတော့ ဘရာဇီးလ်၊ ဟော်လန်တို့ကိုထောက်ပြပြီး သူတို့ခံစစ်ဟာ ဘယ်တော့မှ တည်ငြိမ်လေ့မရှိဘူးလို့ ဆိုနေကြပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင် ခံစစ်အသေကစားတယ်လို့ထင်နေကြတဲ့ အီတလီဟာ Libero ကို စိတ်အားထက်သန်နေကြတယ်ဆိုတာမေ့လျော့နေကြပါတယ်။ ဒီနေ့ဘောလုံးလောကမှာ အောင်မြင်နေတဲ့အသင်းတိုင်း၊ ဒီနေ့ဘောလုံးလိဂ်တွေကိုဦးဆောင်နေတဲ့ အသင်းတိုင်းက Libero နောက်ခံလူတွေနဲ့ဆိုတာကို သတိမပြုမိကြပါဘူး။ ခံစစ်မှာ အသေအထိုင်ကစားရမယ်ဆိုတဲ့ Old School ဖီလော်ဆော်ဖီတွေ၊ ခံစစ်စိတ်အခံတွေကိုပြောင်းလဲ ပစ်ရပါတော့မယ်။ လွတ်လွတ်လပ်လပ်ကစားတဲ့ နောက်ခံလူ Libero တွေကြောင့် Clean Sheet တွေ လျော့ကျကောင်း လျော့ကျနိုင်ပါတယ်။ ဒါပေမဲ့ အချိန်တန်လို့ အောင်မြင်မှုဆုဖလားယူချိန်ရောက်ရင် ဒါတွေကပြောပလောက်တဲ့ အရာတွေ မဟုတ်တော့ပါဘူး။

## နောက်ပြန်မဆွဲနဲ့တော့ ကာရေဂါ

ကာရေဂါရဲ့ ကစားပုံကိုကြည့်ရင် ဘယ်တော့မှ Libero ပုံစံမျိုးတွေ့ရမှာမဟုတ်ပါဘူး။ သူ့ရဲ့ကစားပုံက အမြဲတန်းခံစစ်၊ အမြဲတမ်းလုံခြုံရေးဆိုတဲ့ပုံစံမျိုးပါ။ လူးဝစ်ဇ်ကို သူဝေဖန်ခဲ့တဲ့ ကိစ္စကလည်း တစ်ချိန်ကသူ့ကစားပုံကို ပြန်ကာကွယ်ချင်တာ၊ "Safety First" ဆိုတဲ့ အကြောင်းပြချက်နဲ့ ခေတ်နောက်ပြန်ဆွဲချင်တာလို့ ဝေဖန်မှုတွေရှိနေပါတယ်။ မော်ဒန်ဘောလုံးလောကရဲ့ Typical Libero လို့ဆိုရမယ့် လူးဝစ်ဇ်ကြောင့် ချယ်လ်ဆီးရှုံးပွဲတွေခဲ့တာက ခေတ်ရဲ့ လိုအပ်ချက်ကို "ဂ" ကွေ့ မကွေ့စေနိုင်ပါဘူး။ ကာရေဂါရဲ့ ခေတ်ဟောင်းအတွေးအခေါ်တွေကလည်းခေတ်သစ်မှာ အကောင်အထည်ပေါ်မလာနိုင်ပါဘူး။

Debate တွေမှာတော့ ကာရေဂါထောက်ခံသူတွေ ရှိနေဦးမှာပဲ။ သူတို့ကလည်း Libero တွေလိုပဲ လွတ်လွတ်လပ်လပ်ဝေဖန်ခွင့် ရှိနေကြတာပါပဲ။ သူတို့ရဲ့အမြင်တွေကိုလည်း Debate တွေမှာ စောင့်ကြည့်နေမိဦးမှာပါပဲ။






Photo : AFP,IYYA

**ဒေးဗစ်လူးဝစ်ဇ်၏ ယှဉ်နှိုင်းစွမ်းဆောင်ရည်အချို့**

| | ပရီးမီးယားလိဂ် | ချန်ပီယံလိဂ် |
|---|---|---|
| ပွဲ | ၆ | ၃ |
| ပေးပို့ချက် အောင်မြင်နှုန်း | ၈၅% | ၈၈% |
| ပျမ်းမျှပေးပို့မှု အကွာအဝေး | ၂၆ မီတာ | ၂၅ မီတာ |
| အပေါ်ဘော အောင်မြင်မှု | ၅၂ % | ၅၆ % |
| တစ်ပွဲပျမ်းမျှ ခံစစ်ကာကွယ်မှု | ၅ ကြိမ် | ၈ ကြိမ် |
| ခံစစ်အမှား | ၁ ကြိမ် | - |
| ဝါ/နီ | ၂/၀ | -/- |

လာမယ့်တစ်ပတ်ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)က ပွဲကောင်းအများစုနဲ့ ပရိသတ်အတွက် စောင့်ကြိုနေပါတယ်။ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်နဲ့ နောက်ကလိုက်လံဖိအားပေးနေတဲ့ လီဗာပူးလ်တို့ ရင်ဆိုင်မယ့်ပွဲက အကောင်းဆုံးပွဲလို့ ဆိုနိုင်ပြီး ချန်ပီယံဆုကို မျှော်လင့်နေတဲ့ အာဆင်နယ်အတွက် ပထမဆုံးစမ်းသပ်ခံရမှုလို့ ဆိုရမှာပါ။ နောက်ထပ်အမှတ်ပေးဇယားထိပ်ပိုင်းက အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ စပါးစတဲ့အသင်းတွေလည်း အဝေးကွင်းမှာ ပွဲကျပ်ကိုယ်စီကစားရမှာဖြစ်လို့ မထင်မှတ်တာတွေဖြစ်လာမလား စောင့်ကြည့်ရပါမယ်။ အခုအချိန်အထိ အကောင်းဆုံးခြေစွမ်းကို မပြနိုင်သေးဘဲ ရုန်းကန်နေရတဲ့ မန်ယူအသင်းကတော့ နောက်ပိုင်းပွဲတွေမှာ ခြေပြန်တက်လာတဲ့ ဖူလ်ဟမ်နဲ့ အဝေးကွင်းမှာ ကစားရမှာဖြစ်ပြီး နည်းပြမိုယက်စ်အတွက် အများလုပ်လို့မရတဲ့ အနေအထားပါ။ ...

# အာဆင်နယ်အတွက် ပရီးမီးယားလိဂ်ပထမဆုံးပွဲကျပ်

## ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၁၀) ပွဲ ကြို သုံး သပ် ချက်

| ပရီးမီးယားလိဂ်ပွဲစဉ် (၁၁) | | |
|---|---|---|
| ၉/၁၀-၁၁-၂၀၁၃ | | |
| ဗီလာ | - | ကာဒစ်ဖ် |
| ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း |
| ခရစ္စတယ်ပဲလေ့စ် | - | အဲဗာတန် |
| လီဗာပူးလ် | - | ဖူလ်ဟမ် |
| ဆောက်သမ်တန် | - | ဟားလ်စီးတီး |
| နောဝစ်ချ် | - | ဝက်စ်ဟမ်း |
| စပါး | - | နယူးကာဆယ် |
| ဆန်းဒါးလန်း | - | မန်စီးတီး |
| မန်ယူ | - | အာဆင်နယ် |
| ဆွမ်ဆီး | - | စတုတ်စီးတီး |



Photo: AFP

ယမန်နှစ်ရာသီကဆုံတွေ့မှုတွင် လီဗာပူးလ်တိုက်စစ်မှူး စတာရစ်ချ် အာဆင်နယ်ဘက်သို့ ဂိုးသွင်းယူရန် ကြိုးစားနေစဉ်

### နယူးကာဆယ် နှင့် ချယ်လ်ဆီး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| နယူးကာဆယ် | L(H) | L(A) | W(A) | D(H) | - |
| ချယ်လ်ဆီး | W(H) | D(A) | W(A) | W(H) | - |

နယူးကာဆယ်အသင်း ခံစစ်ပိုင်းအားနည်းနေပုံနဲ့ ချယ်လ်ဆီးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ မလွယ်ပါဘူး။ ဟာဇက်၊ အော်စကာ၊ တောရက်စ်တို့ရဲ့ တိုက်စစ်က အခုအချိန်မှာ အကောင်းဆုံးပုံစံကိုရောက်နေတယ်။ နယူးကာဆယ်အသင်းရဲ့ တိုက်စစ်ကိုလည်း ချယ်လ်ဆီးခံစစ်က ခက်ခက်ခဲခဲထိန်းချုပ်ရနိုင်ပါတယ်။ အထူးသဖြင့် ဘင်အာဖာက ချယ်လ်ဆီးအသင်းရဲ့ အားနည်းတဲ့ ဘယ်တောင်ပံခံစစ်ကို ထိုးနှက်နိုင်တယ်။ ဒါပေမဲ့ ရေရှည်မှာတော့ ခြေစွမ်းပိုကောင်းတဲ့ ချယ်လ်ဆီးပဲအသာစီးယူအနိုင်ရမှာပါ။

### ဖူလ်ဟမ် နှင့် မန်ယူ

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဖူလ်ဟမ် | L(A) | L(H) | W(H) | W(A) | L(A) |
| မန်ယူ | L(A) | L(H) | W(A) | D(H) | W(H) |

မန်ယူအသင်းရဲ့ ခြေစွမ်းက အရမ်းမကျပေမယ့် ခံစစ်ပိုင်းကတော့ သိသိသာသာကျဆင်းနေပါတယ်။ လက်ရှိခံစစ်ပိုင်းနဲ့ ဆိုရင်တော့ ဖူလ်ဟမ်အသင်းရဲ့ ကွင်းမှာ မန်ယူအသင်းရုန်းကန်ရဦးမယ့်အနေအထားပါ။ တိုက်စစ်ပိုင်းမှာ ရွန်နီတစ်ဦးတည်းရုန်းကန်နေရပြီး ဗန်ပါစီက မနစ်ကခြေမြူးမဟုတ်သေးဘူး။ တောင်ပံကစားသမားတွေနဲ့ ကာရစ်ရဲ့ ခြေစွမ်းကလည်း အကျဘက်ကိုရောက်နေတယ်။ ဖူလ်ဟမ်ကလည်း အိမ်ကွင်းကောင်းတဲ့အသင်းဖြစ်လို့ သရေကျသွားနိုင်တယ်။ မန်ယူနိုင်ရင်လည်းဂိုးမပြတ်ဘူး။

### ဟားလ်စီးတီး နှင့် ဆန်းဒါးလန်း

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဟားလ်စီးတီး | W(A) | W(H) | D(H) | L(A) | - |
| ဆန်းဒါးလန်း | L(A) | L(H) | L(H) | L(A) | - |

ဆန်းဒါးလန်းသာ ပုံမှန်ခြေစွမ်းမှာရှိနေရင်တော့ ဟားလ်စီးတီးလိုအသင်းမျိုးကို စိုးရိမ်နေစရာမရှိပါဘူး။ ဒါပေမဲ့ လက်ရှိဆန်းဒါးလန်းအသင်းရဲ့ ခြေစွမ်းက လုံးဝစိတ်မချရတဲ့ အခြေအနေပါ။ ဟားလ်စီးတီးအသင်းရဲ့ ကွင်းလယ်အားကလည်း အတော်လေးကောင်းပါတယ်။ အိမ်ကွင်းမှာဆိုရင် ရလဒ်ကောင်းတွေလည်း ရှာဖွေနိုင်လေ့ရှိပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်း၊ တိုက်စစ်ကစားပုံတွေမကွာပေမယ့် ကွင်းလယ်နဲ့ ခံစစ်မှာ ဟားလ်စီးတီးအသင်းသာပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ သရေနဲ့အနိုင်ပဲ။

### မန်စီးတီး နှင့် နောဝစ်ချ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| မန်စီးတီး | W(H) | L(A) | W(H) | W(A) | - |
| နောဝစ်ချ် | L(H) | W(A) | L(H) | L(A) | D(H) |

ရလဒ်တွေကျဆင်းနေတဲ့ နောဝစ်ချ်တို့ ပြီးခဲ့တဲ့ ပွဲတွေမှာ ချယ်လ်ဆီး၊ အာဆင်နယ်တို့ကို ဂိုးပြတ်ရှုံးခဲ့သလို ဒီပွဲလည်း ဂိုးပြတ်ရှုံးဦးမှာပါ။ အဂ္ဂူရိုဒက်ဇ်ရာကသက်သာလာပြီး အကောင်းဆုံးပုံစံပြနိုင်ကတည်းက မန်စီးတီးအသင်းရဲ့ တိုက်စစ်က စိတ်ဝင်စားစရာကောင်းလာပြီး ဂိုးတွေလည်းမြူးလာတယ်။ ကွင်းလယ်မှာလည်း ယာယာတိုရေး၊ ဖာနန်ဒင်ဟို၊ နာဆရီ၊ ဆေးလ်ဗား တို့ အားကိုးလို့ရလာပြီ။ ဒီအနေအထား၊ ဒီအခင်းအကျင်းကို နောဝစ်ချ်အသင်းတောင့်ခံနိုင်မှာ မဟုတ်ပါဘူး။

### စတုတ်စီးတီး နှင့် ဆောက်သမ်တန်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| စတုတ်စီးတီး | L(A) | L(H) | L(A) | D(H) | L(A) |
| ဆောက်သမ်တန် | W(A) | W(H) | W(H) | D(A) | W(H) |

စတုတ်စီးတီးအသင်းရဲ့ တိုက်စစ်ပိုင်းက အားနည်းနေပါတယ်။ ဒါပေမဲ့မန်ယူအသင်းနဲ့ပွဲမှာ တောင် (၂)ဂိုးသွင်းယူနိုင်ခဲ့သလို၊ ဂိုးရနိုင်တဲ့ အခင်းအကျင်းများစွာကိုလည်း ပြသနိုင်ခဲ့ပါတယ်။ ဆောက်သမ်တန်အသင်းကတော့ လက်ရှိပရီးမီးယားလိဂ် အလယ်အလတ်အသင်းတွေထဲမှာ အကောင်းဆုံးပုံစံပြနေတဲ့အသင်းပါ။ ရလဒ်တွေက ကံကောင်းလို့ရနေတာမဟုတ်ဘဲ တကယ်တည်ငြိမ်တဲ့ ခြေစွမ်းနဲ့ ရယူနေတာဖြစ်ပါတယ်။ ဒီပွဲလည်း ဆောက်သမ်တန်ပဲ အသာရဖို့ရှိပြီး အနိမ့်ဆုံးသရေကစားမှာပါ။

### ဝက်စ်ဘရွန်း နှင့် ပဲလေ့စ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဘရွန်း | W(H) | W(A) | D(H) | D(A) | L(A) |
| ပဲလေ့စ် | L(H) | L(A) | L(A) | L(H) | L(H) |

လီဗာပူးလ်ကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဝက်စ်ဘရွန်းအသင်းအတွက် စိတ်ပျက်သွားမယ့် ရလဒ်မဟုတ်ပါဘူး။ ပဲလေ့စ်အသင်းက ဝက်စ်ဘရွန်းကို ယှဉ်နိုင်တဲ့ တိုက်စစ်၊ ကွင်းလယ်၊ ဟန်ချက်နဲ့ စုစည်းမှု မရှိပါဘူး။ ဝက်စ်ဘရွန်းအသင်းက အိမ်ကွင်းရလဒ်ကောင်းသလို၊ တိုက်စစ်ပိုင်းက လည်း ဂိုးတွေပုံမှန်သွင်းနိုင်ပါတယ်။ လီဗာပူးလ်အသင်းကို ရှုံးခဲ့တဲ့အရှုံးကနေပြန်ရုန်းထွက်မယ့် ဝက်စ်ဘရွန်းကိုပဲ ကြိုက်ပါတယ်။

### ဝက်စ်ဟမ်း နှင့် အက်စတွန်ဗီလာ

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | L(H) | L(A) | W(A) | L(H) | - |
| ဗီလာ | W(A) | W(H) | D(A) | L(H) | L(H) |

ရပ်တည်မှု၊ ခြေစွမ်း၊ ရလဒ်၊ ကစားဟန်နဲ့ အစဉ်အလာပိုင်းမှာပါ သိပ်မကွာတဲ့ အသင်းတွေပါ။ (၂)သင်းစလုံးက ကစားပုံမြန်ပြီး၊ အမှားအယွင်းများတတ်ပါတယ်။ ဒါပေမဲ့ ဝက်စ်ဟမ်းထက် အက်စတွန်ဗီလာကွင်းလယ်က ဂိုးတွေအတွက် ပိုပြီးထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ပါတယ်။ ဘန်တီကီပြန်ပါလာတဲ့ တိုက်စစ်ကလည်း ဝက်စ်ဟမ်းကို ဒုက္ခပေးဦးမှာပါ။ အက်စတွန်ဗီလာကိုပဲကြိုက်တယ်။

### အာဆင်နယ် နှင့် လီဗာပူးလ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| အာဆင်နယ် | W(H) | W(A) | D(A) | W(H) | W(A) |
| လီဗာပူးလ် | L(H) | W(A) | W(H) | D(A) | W(H) |

အကောင်းဆုံးပုံစံရနေတဲ့အသင်း(၂) သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းပါတယ်။ ရမ်ဆေး-အိုဇေးလ်-ဂျီရော့တို့အတွဲနဲ့ ဂျဲရတ်၊ ဆွာရက်ဇ်၊ စတာရစ်ချ်တို့အတွဲအား ပြိုင်မယ့် မြင်ကွင်းက လှပနေမှာပါ။ လက်ရှိပရီးမီးယားလိဂ်ရဲ့ အကောင်းဆုံးအတွဲအဖက်တွေလည်းဖြစ်ပါတယ်။ ဒီအတွဲကိုပံ့ပိုးပေးမယ့် ကစားသမားအပိုင်းမှာတော့ အာဆင်နယ်ကိုပိုကြိုက်တယ်။ အိမ်ကွင်းလည်းဖြစ်လို့ အိမ်ရှင်ပဲသာမယ်။

### အဲဗာတန် နှင့် စပါး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | W(A) | W(H) | L(A) | W(H) | W(A) |
| စပါး | W(A) | D(H) | L(H) | W(A) | - |

အဲဗာတန်တိုက်စစ်မှာ ဂိုးတွေနိုင်ခဲ့သွင်းနေတဲ့ လူကာကူ၊ စပါးခံစစ်မှာ အကောင်းဆုံးပုံစံပြနေတဲ့ ဗာတွန်ဂန်။ ဘယ်လ်ဂျီယံကစားသမား(၂)ဦးရဲ့ ထိပ်တိုက်တွေ့ဆုံမှုက ရင်ခုန်စရာဖြစ်ပါတယ်။ စပါးအသင်းက အခုအချိန်မှာ ရလဒ်တွေပိုကောင်းနေပြီး ခြေစွမ်းလည်း သာပါတယ်။ ဒါပေမဲ့ အဲဗာတန်အသင်းရဲ့ မာကျောမှု၊ အိမ်ကွင်းမှာ စပါးကို(၃)ပွဲဆက်နိုင်ထားတာတွေကို ထည့်တွက်ရင်စပါးအမြင့်ဆုံးသရေပါပဲ။

### ကာဒစ်ဖ်စီးတီး နှင့် ဆွမ်ဆီး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ကာဒစ်ဖ် | L(H) | W(A) | L(H) | L(A) | D(A) |
| ဆွမ်ဆီး | W(A) | L(H) | L(A) | W(H) | - |

ကာဒစ်ဖ်စီးတီးနဲ့ ဆွမ်ဆီးပွဲစဉ်က ဒီတစ်ပတ်ရဲ့ အကောင်းဆုံးပွဲစဉ်တွေထဲမှာ တစ်ပွဲ အပါအဝင်ဖြစ်လိမ့်မယ်။ ဒီ(၂)သင်းက ပရီးမီးယားလိဂ်ရဲ့ အပြင်းထန်ဆုံးစာရင်းဝင် ဒါဘီပွဲတစ်ပွဲကို ဖော်ဆောင်လိမ့်မယ်။ ပရီးမီးယားလိဂ်သမိုင်းမှာ ပထမဆုံးကစားဖူးတဲ့ ဝေးလ်စ်ဒေသခံအသင်းတွေဖြစ်ပြီး (၂)သင်းစလုံးကလည်း အခုအချိန်မှာ တည်ငြိမ်တဲ့ခြေစွမ်းတွေရှိနေပါတယ်၊ ဒီပွဲလည်းသရေရလဒ်နဲ့ပဲပြီးဖို့များပါတယ်။

first ELEVEN SPORTS JOURNAL

NO.22 VOLUME 14 31-10-2013 THURSDAY

SUPPLEMENT

အ ချ င် ဖို

# ပရီးမီးယားလိဂ်အသင်းများချိန်ရွယ်နေသည့် ယာဂင်ကလော့ပ်ကို ဂျိုအာချင်လိုးနေရာအတွက် ဂျာမနီဘောလုံးအဖွဲ့ချုပ်ပစ်မှတ်ထား

ဂျာမနီဘောလုံးအဖွဲ့ချုပ်သည် ဒေါ့မွန်အသင်းကို အကောင်းဆုံးဦးဆောင်မှုပေးနေသည့် နည်းပြ ယာဂင်ကလော့ပ်ကို လက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။

လက်ရှိအချိန်တွင်ဂျာမနီလက်ရွေးစင်အသင်းနည်းပြအဖြစ် ဂျိုအာချင်လိုးက တာဝန်ယူနေပြီး ယူရို-၂၀၁၆ပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားပြီးဖြစ်သော်လည်း ဂျာမနီဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများကအကြောင်းကြောင်းကြောင့် ဂျိုအာချင်လိုးနှင့် လမ်းခွဲခဲ့ရသည်ဖြစ်စေ၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ဆက်ရှိခဲ့လျှင်ဖြစ်စေ ယာဂင်ကလော့ပ်ကို အနာဂတ်ဂျာမနီလက်ရွေးစင်နည်းပြအဖြစ် ခန့်အပ်သွားရန် ရည်ရွယ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ယာဂင်ကလော့ပ်သည်အသက်(၄၆)နှစ်သာရှိသေးပြီး ဒေါ့မွန်အသင်းကို ၂၀၀၈ ခုနှစ်မှ စတင်ကိုင်တွယ်ခဲ့ခြင်းဖြစ်သော်လည်း ၂၀၁၀-၁၁ နှင့် ၂၀၁၁-၁၂ (၂)ရာသီဆက် ဘွန်ဒစ်လီဂါချန်ပီယံဆု ရယူပေးနိုင်ခဲ့သူဖြစ်ပြီးပြီးခဲ့သည့်ရာသီကလည်းချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ပို့ဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ပရီးမီးယားလိဂ်ထိပ်သီးအသင်းများအပါအဝင် ဥရောပအသင်းများစွာက ၎င်းအားခေါ်ယူရန် စိတ်ဝင်စားခဲ့ကြပြီး ပြီးခဲ့သည့်နွေရာသီက ကမ်းလှမ်းမှုများစွာပြုလုပ်ခဲ့ကြသည်။ သို့သော် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် ဂျာမန်တစ်နှစ်တာအကောင်းဆုံးနည်းပြဆုများကိုရယူနိုင်ခဲ့သည့် ယာဂင်ကလော့ပ်က "ကျွန်တော့်ကို ပြီးခဲ့တဲ့နွေရာသီမှာအင်္ဂလန်ကကလပ်အသင်းတချို့က ဆွေးနွေးဖို့ကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်လက်မခံခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်နေရာမှန်မှာရှိနေတယ်လို့ ယူဆတာကြောင့်ပါ။ ဒီအင်္ဂလန်အသင်းတွေ ဒါမှမဟုတ်တရုတ်နဲ့ ရုရှားအသင်းတွေကိုသွားခဲ့ရင်ငွေတွေအများကြီးရမှာတော့သေချာပါတယ်။ ငွေဟာ အရေးကြီးပါတယ်။ ကျွန်တော်က မဟတ္တမဂန္ဒီလည်းမဟုတ်ပါဘူး။ဒါပေမဲ့လောလောဆယ် ကျွန်တော့်ရဲ့ရွေးချယ်မှုအတွက်တော့ ငွေက အရေးမကြီးပါဘူး"ဟု ပြောကြားခဲ့သည်။ ကလော့ပ်သည် နာပိုလီ၊ ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းများ၏ကမ်းလှမ်းမှုကို ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး လက်ရှိအချိန်အထိ ပရီးမီးယားလိဂ်အသင်းများက စိတ်ဝင်စားနေဆဲဖြစ်သော်လည်း ဂျာမနီဘောလုံးအဖွဲ့ချုပ်က မကြာမီအကြိုသဘောတူစာချုပ်ချုပ်ဆိုရန်စီစဉ်နေခြင်းဖြစ်သည်။



Photos : gettyimages

## အင်္ဂလန်နေ့နံနက်ပိုင်းသတင်းများ

- ❒ အမေရိကန်မေဂျာလိဂ်ရာသီကုန်တွင် ကစားသမားဘဝမှအနားယူမည်ဟုကြေညာထားသည့် အီတလီနောက်ခံလူဟောင်းနက်စတာက အေစီမီလန်အသင်း၏နည်းပြရာထူးကို ရယူလိုကြောင်းဝန်ခံခဲ့သည်။
- ❒ ဘယ်လ်ဂျီယံယာဉ်မောင်းလိုင်စင်အတုကိုဝယ်ယူခဲ့ကြောင်း နယူးကာဆယ်ကွင်းလယ်လူတီအိုတီက တရားရုံးတွင်ဝန်ခံခဲ့သဖြင့် (၇)လထောင်ဒဏ်ကျခံရမည့်ပြစ်ဒဏ်ကို(၁၈)လဆိုင်းငံ့ပေးခဲ့ပြီး လူမှုရေးလုပ်ငန်းများတွင် နာရီ(၁၈၀)လုပ်ဆောင်ရန်ချမှတ်ခဲ့သည်။
- ❒ အာဆင်နယ်အသင်းသည် ဂျာမနီလူငယ်တိုက်စစ်မှူး နာဘရီ(၁၈)နှစ်အား တစ်ပတ်လုပ်ခပေါင်(၂၀၀၀၀)ဖြင့် (၅)နှစ်သက်တမ်းစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်းသိရှိရသည်။
- ❒ ဖီဖာ Ballon d'Or ဆုအတွက် မက်ဆီ၊ ရီဘာရီတို့နှင့် အပြိုင်ရေပန်းစားနေသည့် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ယင်းဆုကို စိတ်မဝင်စားခြင်းမရှိဘဲ PSG အသင်းနှင့် အောင်မြင်မှုရရှိရေးကိုသာအာရုံစိုက်နေသည်ဟုဆိုခဲ့သည်။

## လိဂ်ချန်ပီယံရှစ်ပွဲစဉ်(၁၃)ပွဲကျန်ရလဒ်

ဘာရိုက်တန် ၁-၁ ဝက်ဖို့ဒ်

## လာလီဂါပွဲစဉ်(၁၁)ပွဲကျန်ရလဒ်

ဂီတာဖေး ၀-၁ ဘီလ်ဘာအို

(ပထမပိုင်းရလဒ်သာဖြစ်ပါသည်။)

## ဖီဖာBallon d'Or ဆု ဆန်ခါတင်စာရင်းကို ယနေ့ကြေညာမည်

ကမ္ဘာ့အကောင်းဆုံး(အမျိုးသား)ဘောလုံးသမား ၂၀၁၃ ဖီဖာ Ballon d'Or ဆုအတွက် ဆန်ခါတင် (၂၃)ဦးစာရင်းကို ယနေ့(အင်္ဂါ)တွင်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အမျိုးသမီးဆန်ခါတင်စာရင်းကို ပြီးခဲ့သည့်သောကြာနေ့က ကြေညာခဲ့ပြီးဖြစ်ကာ အမျိုးသမီးဆုကို (၅)ကြိမ်တိုင်ရရှိပြီးစံချိန်တင်ထားသည့် ဘရာဇီးလ်တိုက်စစ်မှူး မာတာပါဝင်ခဲ့ကြောင်းသိရသည်။ ဖီဖာကမ္ဘာ့အကောင်းဆုံးနည်းပြဆုအတွက် ဆန်ခါတင်စာရင်းကိုလည်း အမျိုးသားဆန်ခါတင်စာရင်းနှင့်အတူ ယနေ့ထုတ်ပြန်သွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၄ ဇန်နဝါရီ (၁၃)တွင် ပြုလုပ်သွားမည်ဖြစ်သည်။

## ကီဆလင်းဂိုးအတွက် ဟော်ဖန်ဟင်မ်အသင်း၏ အယူခံရှုံးနိမ့်

ဂျာမနီဘောလုံးအဖွဲ့ချုပ်(DFB)သည် ဂိုးတိုင်ဘေးမှပိုက်ပေါက်ကာ ဂိုးအတွင်းသို့ဝင်ရောက်ခဲ့သည့် လေဗာကူဆင်တိုက်စစ်မှူး ကီဆလင်း၏သွင်းဂိုးအား ဟော်ဖန်ဟင်မ်အသင်း၏အယူခံဝင်မှုကိုပယ်ချလိုက်ကြောင်းသိရသည်။ ယင်းဂိုးအားကွင်းလယ်ဒိုင်ဖီးလစ်ဘရိုက်ချ်ကခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး လေဗာကူဆင်က ဟော်ဖန်ဟင်မ်အား(၂-၁)ဂိုးဖြင့်အနိုင်ရခဲ့သည်။ ဟော်ဖန်ဟင်မ်အသင်းက ယင်းပွဲကိုပြန်လည်ကစားခွင့်ပြုရန်အယူခံဝင်ခဲ့သော်လည်း ပြီးခဲ့သည့်တနင်္လာနေ့ကပြုလုပ်ခဲ့သည့် ဂျာမနီဘောလုံးအဖွဲ့ချုပ်အစည်းအဝေးဆုံးဖြတ်ချက်အရ ပယ်ချခဲ့ခြင်းဖြစ်သည်။ တရားသူကြီးတစ်ဦးဖြစ်သည့်လိုရန်ဇ်က မှားယွင်းသည့်ဂိုးတစ်ဂိုးဖြစ်သော်လည်း ဥပဒေအကြောင်းအရပြန်လည်ပြင်ဆင်ရန်မဖြစ်နိုင်ကြောင်း ရှင်းပြခဲ့သည်။

## ပွဲစဉ်အရ အာဆင်နယ်အသင်းဖလားတစ်လုံးရရှိရန် စီစဉ်ထားသည့် လိဂ်ဖလားလန်ဒန်ဒါဘီမှာ ပွဲကြီးပွဲကောင်းမဖြစ်နိုင်ဟု မော်ရင်ဟိုဝေဖန်



Photo : AFP

ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက လာမည့်လိဂ်ဖလားပြိုင်ပွဲတွင် မြို့ခံပြိုင်ဘက်အာဆင်နယ်အသင်းနှင့်ယှဉ်ပြိုင်ရမည့် လန်ဒန်ဒါဘီပွဲမှာပွဲစဉ်အနေအထားကြောင့် ပွဲကြီးပွဲကောင်းမဖြစ်နိုင်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

မော်ရင်ဟိုက အင်္ဂလန်ဘောလုံးတာဝန်ရှိသူများ၏ ပွဲစဉ်ရေးဆွဲမှုကို အဓိကထားဝေဖန်ခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေဖြင့် တနင်္ဂနွေနေ့တွင် မန်စီးတီးအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်ယှဉ်ပြိုင်ခဲ့ရခြင်းကြောင့် အင်္ဂါနေ့ယှဉ်ပြိုင်မည့် အာဆင်နယ်နှင့်ပွဲ၌ အဓိကကစားသမားများကို အသုံးပြုနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟိုက "လန်ဒန်မှာ အသင်းကြီးနှစ်သင်းဆုံတွေ့မယ့်ပွဲကို ပွဲကြီးပွဲကောင်းဖြစ်စေချင်ရင်တော့ အင်္ဂါနေ့မဟုတ်ဘဲ ဗုဒ္ဓဟူးနေ့မှာ စီစဉ်ထားသင့်ပါတယ်။ ပရိသတ်တွေကို လေးစားပေမယ့် ကစားသမားတွေကို အကာအကွယ်ပေးဖို့ကပိုအရေးကြီးပါတယ်၊ ကျွန်တော့်ကစားသမားတွေကို (၃)ရက်အတွင်းမှာ(၂)ပွဲကစားခိုင်းဖို့မဖြစ်နိုင်ပါဘူး။ အာဆင်နယ်ကတော့ (၂)ရက်ခွဲလောက်အနားရနေတာပါ။ ဒါဟာ အာဆင်နယ်ကို ဖလားတစ်လုံးရရှိစေချင်တဲ့အစီအစဉ်လို့ပဲထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းမှာလည်း ပွဲကျပ်ကာလဖြစ်ခြင်းကြောင့် အဓိကကစားသမားများကိုအနားပေးပြီး လူငယ်များကိုသာပွဲထုတ်ဖွယ်ရှိနေကြောင်း သိရှိရသည်။

# ဆီးဂိမ်းစ်ပြိုင်ပွဲအကြို အာဆီယံမွေလက်ဝှေ့ဖိတ်ခေါ် ပြိုင်ပွဲတွင် မြန်မာအပါအဝင် (၆)နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည်



ဆီးဂိမ်းစ်အတွက် ပြင်ဆင်လေ့ကျင့်နေသော မြန်မာ့လက်ရွေးစင်မွေလက်ဝှေ့ကစားသမားများကို တွေ့ရစဉ် (ဓာတ်ပုံ-စိုးညီ)

လာမည့်နိုဝင်ဘာလ (၂)ရက်နှင့် (၃)ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ဆီးဂိမ်းစ်ပြိုင်ပွဲအကြို အာဆီယံဖိတ်ခေါ်မွေလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာအပါအဝင် (၆)နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာမွေလက်ဝှေ့အဖွဲ့ချုပ်မှ အတွင်းရေးမှူးဖြစ်သူ ဦးစိုင်းဇော်ဇော်က "နိုဝင်ဘာ(၂)ရက်မှာ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မှာဖြစ်ပြီး နိုဝင်ဘာ(၃)ရက်မှာတော့ နောက်ဆုံးဗိုလ်လုပွဲတွေကို ကျင်းပသွားမှာပါ။ ဒီပြိုင်ပွဲရဲ့ ဝိတ်တန်းတစ်ခုစီမှာ မြန်မာလက်ဝှေ့သမား(၂)ဦးစီ ပါဝင်ယှဉ်ပြိုင်ဖို့ရှိပါတယ်"ဟုပြောကြားခဲ့သည်။

ဆီးဂိမ်းစ်အကြိုကျင်းပသည့် အာဆီယံဖိတ်ခေါ်မွေလက်ဝှေ့ပြိုင်ပွဲတွင် အမျိုးသားပွဲစဉ်များအဖြစ် (၅၄)ကီလို၊ (၅၇)ကီလို၊ (၆၀)ကီလို၊ (၆၃ ·၅)ကီလိုနှင့် (၇၅)ကီလိုပွဲစဉ်များပါဝင်မည်ဖြစ်ကာ အမျိုးသမီးပွဲစဉ်တွင် (၆၀)ကီလိုနှင့် (၄၈)ကီလိုပွဲစဉ်ကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ လာမည့် ၂၀၁၃ဆီးဂိမ်းစ်ပြိုင်ပွဲတွင်မူ မွေလက်ဝှေ့အားကစားနည်း၌ အမျိုးသားပွဲစဉ်(၉)ပွဲနှင့် အမျိုးသမီးပွဲစဉ်(၅)ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အာဆီယံဖိတ်ခေါ်မွေလက်ဝှေ့ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်မည့် နိုင်ငံများသည် ဝိတ်တန်းအပြည့်လာရောက်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ ထိုင်းနိုင်ငံမှ (၂)ဦး၊ အင်ဒိုနီးရှားမှ (၃)ဦး၊ ဗီယက်နမ်မှ (၂)ဦး၊ လာအိုမှ (၂)ဦးနှင့် မလေးရှားမှ (၁)ဦးသာ လာရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ဆီးဂိမ်းစ်ပြိုင်ပွဲ၏ မွေလက်ဝှေ့အားကစားတွင် ပြိုင်ပွဲဝင်တစ်နိုင်ငံလျှင် အမျိုးသားပွဲစဉ်များ၌ နှစ်သက်ရာ ပွဲစဉ်(၇)ပွဲ၊ အမျိုးသမီးပွဲစဉ်များ၌ ပွဲစဉ်(၄)ပွဲကို ရွေးချယ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ထိုင်းအသင်းဗိုလ်စွဲ

အောက်တိုဘာ (၂၇)ရက်က ထိုင်း နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၃ အာ ဆီယံတံခွန်စိုက်ဖူဆယ်ပြိုင်ပွဲတွင် ထိုင်းအ သင်းက ဩစတြေးလျအသင်းကို (၂-၁)ဂိုး ဖြင့် အနိုင်ရရှိကာ (၉)ကြိမ်မြောက် ဗိုလ် စွဲခဲ့သည်။ ထိုင်းအသင်းအတွက် ဆုပါဝင် တစ်ဦးတည်းက ပွဲချိန်(၁၃)မိနစ်နှင့် (၃၆) မိနစ်တို့တွင် ဂိုးများသွင်းယူပေးခဲ့ပြီး ဩစ တြေးလျအသင်းအတွက် ချေပဂိုးကို ပွဲချိန် (၄၀)မိနစ်တွင် ပြန်လည်သွင်းယူခြင်းဖြစ် သည်။ ဗိုလ်လုပွဲမတိုင်မီ ကျင်းပသည့် တ တိယနေရာလုပွဲတွင် ဗီယက်နမ်က အင်ဒို နီးရှားအသင်းကို (၇-၃)ဂိုးဖြင့် အနိုင်ရရှိခဲ့ ကြောင်း သိရသည်။

## ပြင်သစ်လိဂ်မှကစားသမားကို စင်ကာပူရွေးချယ်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက်စင်ကာပူယူ-၂၃အသင်း ၏ ပဏာမကစားသမားစာရင်းကို ထုတ်ပြန် ခဲ့ရာတွင် ပြင်သစ်လိဂ်-၂ (Ligue-2) တွင် ပါဝင်ကစားနေသည့်ကစားသမားတစ်ဦးကို ထည့်သွင်းရွေးချယ်ခဲ့ကြောင်း သိရသည်။ ယင်းကစားသမားသည် အဒမ်ဆဝမ်ဒီဆိုသူ ဖြစ်ပြီး လီဂူ-၂ မှ FC Metz အသင်းတွင် ပါဝင်ကစားလျက်ရှိသည်။ စင်ကာပူ ယူ-၂၃ အသင်း၏ နည်းပြချုပ်အဖြစ် စင်ကာပူလက် ရွေးစင်အသင်းလက်ထောက်နည်းပြ အဒီက တာဝန်ယူမည်ဖြစ်ပြီး လက်ရွေးစင်ကစားသ မားအချို့ကိုလည်း ထည့်သွင်းရွေးချယ်ထား ကြောင်း သိရသည်။

## ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့ လက်ရွေးစင်ကစားသမား (၁၇)ဦးကို အပြီးသတ်ရွေးချယ်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် လက်ရွေးစင်ကစားသမား (၁၇)ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထိုသို့ရွေးချယ်ခဲ့ရာတွင် ဘိလိယက်အားကစားနည်းအတွက် အောင်ဆန်းဦး၊ အောင်ဌေး၊ နေသွေးဦးနှင့် မင်းစည်သူထွန်းတို့ပါဝင်ကာ စနူကာအားကစားနည်းအတွက် ဝင်းနိုင်မင်းအေး၊ ဝင်းကိုကို၊ ဇော်သန်းထိုက်၊ ရဲဇော်ထွဋ်တို့ ပါဝင်သည်။ ထို့ပြင် Pool (နံပါတ်ဘောဘိလိယက်)အတွက် ဘုန်းမြင့်ကျော်၊ ကိုထက်၊ အောင်မိုးသူ၊ ဇော်ဝင်းချို၊ Carom (ကျင်းပိတ်ဘိလိယက်)အတွက် ချစ်ကိုနှင့် ကိုကိုနိုင်တို့ကို ရွေးချယ်ထားသည်။ အမျိုးသမီးလက်ရွေးစင်များအဖြစ် သန္တာမောင်၊ အေမီအောင်နှင့် နွေးနွေးလှိုင်တို့ကိုရွေးချယ်ထားကြောင်း သိရသည်။



မြန်မာ့လက်ရွေးစင်ဘိလိယက်ကစားသမား နေသွေးဦး (ဓာတ်ပုံ-စိုးညီ)

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဘိလိယက်နှင့် စနူကာအားကစားနည်းတွင် စုစုပေါင်းရွှေတံဆိပ် (၁၂)ခု ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲများကို လာမည့်ဒီဇင်ဘာလ (၁၂)ရက်မှ (၂၀)ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်သည်။ ၂၀၁၃ဆီးဂိမ်းစ် ဘိလိယက်နှင့် စနူကာအားကစားနည်းတွင် ကမ္ဘောဒီးယားနှင့် တီမောနိုင်ငံတို့မှလွဲ၍ ကျန်နိုင်ငံများက ပါဝင်ယှဉ်ပြိုင်ရန် စာရင်းသွင်းထားကြောင်း သိရသည်။

## MNLလူငယ်ပြိုင်ပွဲတွင် ရတနာပုံနှင့် ရန်ကုန် နိုင်ပွဲရ

MNL လူငယ်အမှတ်ပေးပြိုင်ပွဲ၏ ပွဲစဉ်(၁၈)ကို အောက်တိုဘာလ (၂၇၊ ၂၈)ရက်များက ကျင်းပပြုလုပ်ခဲ့ရာ ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ပြီး အမှတ်ပေးဇယား၏ ထိပ်ပိုင်းတွင်ဆက်လက်ဦးဆောင်လျက်ရှိကြောင်း သိရသည်။ ရတနာပုံအသင်းသည် ဟံသာဝတီယူနိုက်တက်အသင်းကို (၂-၀)ဂိုးဖြင့် အနိုင်ရရှိကာ ရမှတ် (၄၀)ဖြင့် အဆင့်(၁)နေရာမှ ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် မနောမြေအသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိပြီး ရမှတ်(၃၇)မှတ်ဖြင့် အမှတ်ပေးဇယား၏အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။ ၂၀၁၃ MNL လူငယ်အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် ပွဲစဉ်(၄)ပွဲသာကျန်ရှိတော့ကြောင်း သိရှိရသည်။

## ဆီးဂိမ်းစ်ပြိုင်ပွဲအကြို သေနတ်ပစ်ပြိုင်ပွဲကျင်းပ

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအကြိုအဖြစ် လက်ရည်စမ်းသေနတ်ပစ်ပြိုင်ပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ မြောက်ဒဂုံသေနတ်ပစ်ကွင်းတွင် အောက်တိုဘာ (၂၈)ရက်မှစ၍ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်(က)၊ မြန်မာ့လက်ရွေးစင်(ခ)နှင့် အား/ကာသိပ္ပံအသင်းမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နေကာ ပြည်ပနိုင်ငံများကို ဖိတ်ခေါ်သော်လည်း လာရောက်ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ပြည်တွင်းမှကစားသမားများဖြင့်သာ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။ အောက်တိုဘာ (၂၈)ရက်က ကျင်းပသောပွဲစဉ်များတွင် အမျိုးသား(၁၀)မီတာ ပစ္စတိုပွဲစဉ်၌ မောင်ကြူ၊ အမျိုးသမီး(၁၀)မီတာ ပစ္စတိုပွဲစဉ်၌ လေးဇာဇာလှိုင်မြင့်တို့ ဗိုလ်စွဲခဲ့သည်။ ဆီးဂိမ်းစ်အကြို လက်ရည်စမ်းသေနတ်ပစ်ပြိုင်ပွဲတွင် ပွဲစဉ်(၆)ပွဲသာကျင်းပမည်ဖြစ်ကာ လာမည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင်မူ ပွဲစဉ်(၁၂)ပွဲပါဝင်မည်ဖြစ်ကြောင်း သိရသည်။